**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး**

နဝမနေ့**မှတ်တမ်း**

**၁၃၇၉ ခုနှစ်၊ နယုန်လဆန်း ၁၁ ရက်**

**( ၂၀၁၇ ခုနှစ်၊ ဇွန်လ ၅ ရက် )**

**[တနင်္လာနေ့]**

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး နဝမနေ့ အစီအစဉ်ကို ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် မန်းဝင်းခိုင်သန်း က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးလွင်ဦး၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း**

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေးရဲ့ နဝမနေ့ အစီအစဉ် စတင်ပါတော့မယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အချိန်၊ ၁၀း၀၀။**

**ဥက္ကဋ္ဌ။** ။ အားလုံး မင်္ဂလာပါ။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၁။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေး နဝမနေ့မှာ လွှတ်တော်အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း(၂၂၄)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို(၁၉၆)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်းရဲ့ (၈၇.၅) ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေးအထမြောက်ရန် လိုအပ်တဲ့ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၄ နဲ့ ၂၈ တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အစည်းအဝေး စတင်ကျင်းပကြောင်းကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀း၀၂။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ အရ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေးရဲ့ နဝမနေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီးဖြစ်ပါတယ်။ အဲဒီ အစီအစဉ်အတိုင်း ကျင်းပပါမယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၂။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၄)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ (က)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း ခွင့်ပန်ကြားရမှာ ဖြစ်ပါတယ်။

ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များရှိလျှင် ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၃။**

**ဒေါ်မြတ်သီတာထွန်း၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)**။ ။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးရှင်။ ယနေ့ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော်

ပဉ္စမပုံမှန်အစည်းအဝေး နဝမနေ့ ၅-၆-၂၀၁၇ ရက်နေ့မှာ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်း မရှိသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များရဲ့ကိုယ်စား မွန်ပြည်နယ်၊ မဲဆန္ဒနယ်အမှတ်(၅)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော်၊ လွှတ်တော်အခွင့်အရေး ကော်မတီဝင်ဖြစ်သူ ကျွန်မ ဒေါ်မြတ်သီတာထွန်း က ခွင့်ပန်ကြားသွားမှာ ဖြစ်ပါတယ်။

ယနေ့အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များမှာ ဦးစောစိန်ထွန်း၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)၊ ကျန်းမာရေး။ ဒေါ်စန်းစန်းမြင့်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါ်ရွှေရွှေစိန်လတ်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)၊ လာအိုနိုင်ငံတွင်ကျင်းပသော WIPA အစည်းအဝေးသို့ တက်ရောက်ရန်။ နော်လှလှစိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)၊ ၎င်းအတိုင်း။ ဦးစိုးသိန်း၊ ကယား ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)၊ ဒေသဖွံ့ဖြိုးရေး။ ဦးကျော်နီနိုင်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးရဲထွန်း၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးတင်မောင်ဝင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးညီညီထွေး (ခ) ဦးကိုကိုလေး၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)၊ ဒေသဖွံ့ဖြိုးရေး။ ဦးခင်မောင်ဝင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲတက်ရောက်။ ဦးမျိုးဝင်း၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)၊ ဒေသဖွံ့ဖြိုးရေး။ ဦးညီစိန်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးအောင်ဝင်း၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)၊ ဒေသဖွံ့ဖြိုးရေး။ ဦးဇော်မင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)၊ ဥပဒေကြမ်းကော်မတီ အစည်းအဝေး တက်ရောက်ရန်။ ဦးအောင်ကြည်ညွန့်၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)၊ ၎င်းအတိုင်း။ ဒေါ်နွယ်နွယ်အောင်၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ၎င်းအတိုင်း။ ဒေါ်ကျိန်ငိုက်မန်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)၊ ၎င်းအတိုင်း။ ဦးကျော်ကျော်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)၊ ၎င်းအတိုင်း။ ဦးသိန်းလွင်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)၊ ၎င်းအတိုင်း။ ဦးသန်းစိုး(ခ)သန်းစိုး (ဘောဂဗေဒ)၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)၊ ၎င်းအတိုင်း။ ဦးမောင်မောင်အုန်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)၊ ၎င်းအတိုင်း။ ဒေါက်တာပြည့်ဖြိုး၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)၊ ပြည်ပခရီးစဉ်။ ဗိုလ်မှူးချုပ်ကျော်ကျော်စိုး၊ တပ်မတော်သားကိုယ်စားလှယ်၊ တာဝန်ထမ်းဆောင်ရန်။ ဗိုလ်မှူးချုပ်ဇော်ဇော်နိုင်၊ တပ်မတော်သားကိုယ်စားလှယ်၊ တာဝန်ထမ်းဆောင်ရန်။ ဦးကျော်သီဟ၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲတက်ရောက်။ ဦးစခင်ဇော်လင်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)၊ ၎င်းအတိုင်း နှင့် ဦးခင်မောင်မြင့်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)၊ ၎င်းအတိုင်း တို့ဖြစ်ပါတယ်။

ယခင်က ခွင့်ပန်ကြားသဖြင့် လွှတ်တော်က ခွင့်ပြုထားသူ(၁)ဦးရှိပြီး ယနေ့ခွင့်ပန်ကြားသူ (၂၇)ဦး ဖြစ်တဲ့အတွက် စုစုပေါင်းခွင့်ပန်ကြားသူ(၂၈)ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် ယနေ့ ခွင့်ပန်ကြားသူ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကို လွှတ်တော်က ခွင့်အဖြစ်သတ်မှတ်ခွင့်ပြုပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ်ရှင်။

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ**။ ။ ယခု ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေးနဝမနေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေမှာ (၂၂၄)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၁)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၂၇)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ (၂၈)ဦးဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(ဂ)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို အမျိုးသားလွှတ်တော်က အတည်ပြု မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။(သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ဖြေကြားခြင်း

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနှင့် ဖြေကြားခြင်းအစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခု လွှတ်တော်ကိုယ်စားလှယ်နှစ်ဦး မေးမြန်းတဲ့ မေးခွန်းများဟာ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး တစ်ဦးတည်းက ဖြေကြားမယ့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာမေးခွန်းတွေကို တစ်ဆက်တည်းမေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**မြန်မာနိုင်ငံ၏ အနောက်ဘက်တံခါး ဖြစ်သော မောင်တောမြို့နယ်နှင့် ဘူးသီးတောင်မြို့နယ်များတွင် ရခိုင်ပြည်နယ်အနှံ့နေထိုင်လျက်ရှိသော ရခိုင်တိုင်းရင်းသားများကို စုဆောင်းပြီး ရေတို၊ ရေရှည် စီမံကိန်းများချမှတ်၍ စဉ်ဆက်မပြတ် ရခိုင်တိုင်းရင်းသားကျေးရွာများ တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**အချိန်၊ ၁၀း၀၇။**

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးတက်ထွန်းအောင်က မြန်မာနိုင်ငံ၏ အနောက်ဘက်တံခါးဖြစ်သော မောင်တောမြို့နယ်နှင့် ဘူးသီးတောင်မြို့နယ်များတွင် ရခိုင်ပြည်နယ်အနှံ့ နေထိုင်လျက်ရှိသော ရခိုင်တိုင်းရင်းသားများကို စုဆောင်းပြီး ရေတို၊ ရေရှည် စီမံကိန်းများချမှတ်၍ စဉ်ဆက်မပြတ် ရခိုင်တိုင်းရင်းသားကျေးရွာများ တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၇။**

**ဦးတက်ထွန်းအောင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အားလုံးမင်္ဂလာပါလို့ ဂါရဝပြု နှုတ်ခွန်းဆက်သပါတယ်။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)က အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးတက်ထွန်းအောင် ဖြစ်ပါတယ် ခင်ဗျား။ ကျွန်တော်မေးမြန်းမယ့် မေးခွန်းကတော့ မြန်မာနိုင်ငံရဲ့ အနောက်ဘက်တံခါးဖြစ်သော မောင်တောမြို့နယ်နဲ့ ဘူးသီးတောင်မြို့နယ်များသို့ ရခိုင်ပြည်နယ်အနှံ့ နေထိုင်လျက်ရှိသော ရခိုင်တိုင်းရင်းသားများကို စုဆောင်းပြီး မောင်တောမြို့နယ်နှင့် ဘူးသီးတောင်မြို့နယ်များသို့ ရခိုင်တိုင်းရင်းသားကျေးရွာများကို ရေတို၊ ရေရှည် စီမံကိန်းများ ချမှတ်ကာ စဉ်ဆက်မပြတ် ရခိုင်တိုင်းရင်းသားကျေးရွာများကို တည်ထောင်ပေးရန် ပြည်ထောင်စုအစိုးရမှ အစီအစဉ် ရှိ/မရှိကို အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီမေးခွန်းဟာ ကျွန်တော် ရခိုင်ပြည်နယ်လွှတ်တော်အထဲမှာ (၁၁)ကြိမ်မြောက်မှာ အဆိုအဖြစ် တင်ပြီးတော့ အတည်ပြုထားတဲ့ အဆိုပဲ ဖြစ်ပါတယ်။ ဒါနဲ့ဒီမေးခွန်းကို အမျိုးသားလွှတ်တော်မှာ မေးမြန်းရခြင်း ဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံ၏ တိုင်းနှင့်ပြည်နယ်(၁၄)ခု၌ ရခိုင်ပြည်နယ်ဟာ ပထဝီနိုင်ငံရေးအရသော်လည်းကောင်း အလွန်အရေးပါသော ဒေသတစ်ခုဖြစ်ကြောင်း အားလုံးသိရှိပြီး ဖြစ်ပါလိမ့်မယ်။ ပြည်ထောင်စု၏ အနောက်ဘက်နယ်စပ် မဟာဗျူဟာအတွက် လက်တွေ့ကွဲပြားချက်များစွာကို ရှာဖွေနိုင်မည့် ဒေသတစ်ခုလည်းဖြစ်ပါတယ်။ သမိုင်းကြောင်းအရကြည့်လျှင် ကျွန်တော်တို့ ရခိုင်ပြည်နယ်

ဟာ B.C- 3325 ခုနှစ်မှစ၍ ရခိုင်၊ ခမီ၊ သက်၊ မြို၊ ဒိုင်းနက်၊ မရမာ စသည့် မူလဌာနေတိုင်းရင်းသားများ စုဝေးနေထိုင်ခြင်းအပေါ် သာယာတိုးတက်မှုရှိခဲ့ကြောင်း သိရမှာလည်း ဖြစ်ပါတယ်။ နှစ်ပေါင်း(၅၀၀၀) ကျော် ကိုယ့်ထီးကိုယ့်နန်းနှင့် နေလာခဲ့တဲ့လူမျိုး ဖြစ်တယ်ဆိုတာလည်း ပြောလို့ရပါတယ်။

သို့သော် ၂၀၁၂ ခုနှစ်၊ ဇွန်လမှာ အတိတ်က ငြိမ်းချမ်းသာယာခဲ့သည်ဆိုသော ဖော်ပြပါ ဌာနေတိုင်းရင်းသားများ မှီတင်းနေထိုင်ရာ ရခိုင်ပြည်နယ်ဟာ ကိုလိုနီခေတ်မှ အစပြုခဲ့သည့် ဆိုးမွေ တစ်ရပ်ကြောင့် ပေါက်ကွဲမှုကို ကြမ်းတမ်းစွာ ရင်ဆိုင်လိုက်ရပါတယ်။ ဖော်ပြပါဌာနေ တိုင်းရင်းသား များ၏ အသက်၊ အိုးအိမ်၊ စည်းစိမ်ပေါင်းများစွာနှင့် ဒေသတည်ငြိမ်ရေးကိုပါ ခိုးဝင်(နိုင်ငံခြားသား) ဘင်္ဂါလီများကြောင့် ရေတိမ်နစ်ကာ ယခုတိုင် ပြန်လည်ကူးစက်နိုင်ခြင်း ထိရောက်စွာ မရှိသေးတာကို လည်း တွေ့ရမှာဖြစ်ပါတယ်။ ဒါဟာ ပြည်ထောင်စုအရေးလည်း ဖြစ်ပါတယ်။

မည်သည့်နိုင်ငံတွင်မဆို မိမိတို့ဒေသ ငြိမ်ဝပ်ပိပြားရေး လုံခြုံဖွံ့ဖြိုးမှုကို အပြောမဟုတ်ဘဲ လက်တွေ့လုပ်ဆောင်ရမှာ ဖြစ်ပါတယ်။ ယခုမဖြစ်စေချင်ဘဲ ဖြစ်နေရသည့် ပဋိပက္ခဟာ ဒေသ တည်ငြိမ်ရေး၊ ဒေသဖွံ့ဖြိုးရေးကို ကြီးစွာထိရောက်စေသောကြောင့် ဌာနေတိုင်းရင်းသားများ၏ ဘဝ ရပ်တည်မှုကို များစွာနစ်နာစေခဲ့ပါတယ်။

ထို့ကြောင့် ဘင်္ဂါလီတို့သည် ဒုတိယကမ္ဘာစစ်ကို အခွင့်ကောင်းယူ၍ ပဋိပက္ခဖန်တီးကာ မောင်တောနယ် ကျေးရွာပေါင်း(၂၄၁)ရွာ၊ ဘူးသီးတောင်မြို့နယ်တွင် ကျေးရွာပေါင်း(၁၈၅)ရွာ၊ ရသေ့ တောင်မြို့နယ်တွင် ကျေးရွာပေါင်း(၁၀)ရွာတို့ဟာ ဘင်္ဂါလီတို့၏ မီးရှို့ဖျက်ဆီးခြင်းကို ခံလိုက်ရပါတယ်။ ဒေသခံ ကျွန်တော်တို့ ရခိုင်တိုင်းရင်းသား (၂၀၀၀၀)ကျော်လည်း အသက်သေဆုံးရခြင်းဖြစ်ပါတယ်။ ဒီနယ်မြေလု (ဂျီဟတ်)စစ်ပွဲ ဆင်နွှဲအားထုတ်ခဲ့ကြပါတယ်။ ဘင်္ဂါလီတို့ဖွဲ့စည်းထားတဲ့ ငြိမ်းချမ်းရေး ကော်မတီဟာ ဂျပန်တို့ဝင်ရောက်လာချိန်တွင် (ဂျာမေတူဟူလေမာ)အသင်းအနေဖြင့် လှုပ်ရှားလာခဲ့ တာကိုတွေ့ရပါတယ်။

၁၉၄၆ ခုနှစ်နောက်ပိုင်းတွင် အဓိကရုဏ်းကြောင့် ထွက်ပြေးသွားရတဲ့ ရခိုင်တို့ဟာ မူရင်း ဒေသတွင်နေထိုင်ရန် အင်္ဂလိပ်အစိုးရက ဒုတိယကမ္ဘာစစ်ပြီးဆုံးသည့်အခါ ပြန်လည်နေရာချထားခဲ့ပါ တယ်။ သို့သော်လည်း စစ်အတွင်းက အိန္ဒိယနိုင်ငံရှိ ဘင်္ဂလားဒေသ၌ ခိုလှုံနေကြသော စစ်ပြေးဒုက္ခသည် များကို ပြန်လည်နေရာချထားရာတွင် ဘင်္ဂါလီများကို အင်္ဂလိပ်အစိုးရက ဦးစားပေး၍ ပို့ဆောင်ပေးခဲ့ ပါတယ်။ ဘင်္ဂါလီများအခြေတကျနေထိုင်သောအခါမှ ရခိုင်တိုင်းရင်းသားများကို ပြန်လည်ပို့ပေးခဲ့ပါ တယ်။ အုပ်ချုပ်ရေးအားနည်းနေသောအချိန်ကာလတွင် ဘင်္ဂါလီများဟာ လူအင်အားဖြင့် ရခိုင်တိုင်းရင်း သားများကို လယ်မြေများ၌ အတင်းအဓမ္မ ဝင်ရောက်စိုးမိုးခြင်းဖြင့် နတ်မြစ်ဒေသတစ်ဝိုက်ရှိ ရခိုင် တိုင်းရင်းသားများကျေးရွာများကို ပြိုကွဲစေခဲ့ပါတယ်။

ရခိုင်ပြည်နယ်မြောက်ပိုင်းတွင် ငြိမ်းချမ်းစွာ လုပ်ကိုင်စားသောက်နေကြသော ဒေသခံ တိုင်းရင်းသားများ အိုးပစ်အိမ်ပစ် ထွက်ခွာလာခဲ့ကြပြီး ယနေ့တိုင် ရခိုင်ပြည်နယ်အနှံ့ ရွာပုံး၊ ရွာရှောင် များအဖြစ် အများအပြားရှိနေကြပါတယ်။ ယနေ့သိမ်းပိုက်နေထိုင်လျက်ရှိသော ဘင်္ဂါလီကျေးရွာများဟာ အခိုင်အမာရှိနေခြင်းဟာ ရခိုင်တိုင်းရင်းသားများ၏ ကျေးရွာများဖြစ်ကြောင်း သက်သေများ ဖြစ်ပါလိမ့်မယ်။

၁၉၆၂ ခုနှစ်နောက်ပိုင်း ပါလီမန်ပျက်သုဥ်းပြီးနောက် (မူဂျာဟစ်) သောင်းကျန်းသူများကို တော်လှန်ရေးကောင်စီအစိုးရက "မုတ်သုန်ဦး" စစ်ဆင်ရေးဖြင့် အပြီးသတ်ချေမှုန်းရာ ပြည်တွင်း၌ မြေအောက်လှုပ်ရှားမှုအနေဖြင့် ကျန်ရှိနေခဲ့ပြီး အချို့မှာ RIF၊ RPF၊ RSO နှင့် ARIF စသည်ဖြင့် အမည်များပြောင်းကာ ရှိနေဆဲဖြစ်ပါတယ်။ (မူဂျာဟစ်)လက်သစ်များဟာ ၁၉၈၈၊ မေလ ၁၃ ရက်နေ့မှာလည်း မောင်တောမြို့ပေါ်ရှိ ရခိုင်နှင့် အခြားတိုင်းရင်းသားတို့အား (ဂျီဟတ်) တိုက်ပွဲဆင်နွှဲရန် ဘင်္ဂလီ(၅)သောင်းခန့်နှင့် ဝိုင်းအုံပိတ်ဆို့ခဲ့ပါတယ်။ ယခု ၂၀၁၂ ခုနှစ်၊ ဇွန်လ ၈ ရက်နေ့ မောင်တောမြို့နယ်ကို အကြမ်းဖက်မီးရှို့သတ်ဖြတ်ခဲ့တာလည်း ဘင်္ဂါလီတို့၏ မပြီးဆုံးသေးသော (ဂျီဟတ်)တိုက်ပွဲပင် ဖြစ်ပါတယ်။

ထို့ကြောင့် မောင်တော၊ ဘူးသီးတောင်မြို့နယ်များတွင် ရခိုင်တိုင်းရင်းသား တစ်စစလျော့နည်းလာပါက ရခိုင်တိုင်းရင်းသားများ (လုံး၀)မရှိသောနေ့တွင် သူတို့၏ မဟာရည်မှန်းချက်အတိုင်း နယ်မြေကို အပိုင်သိမ်းသွားမည် ဖြစ်ပါတယ်။ ထို့ကြောင့် မြန်မာနိုင်ငံ၏ အနောက်ဘက်တံခါးဖြစ်သော မောင်တောမြို့နယ်နှင့် ဘူးသီးတောင်မြို့နယ်များ၌ မူလဌာနေရခိုင်တိုင်းရင်းသားများဖြင့် ကျေးရွာများကို ထူထောင်တည်ဆောက်ပေးရန် ပြည်ထောင်စုအစိုးရတွင်---------

**တနင်္သာရီတိုင်းဒေသကြီး၊ ဘုတ်ပြင်းမြို့၌ နွေရာသီတွင် ရေရှားပါးသည့်ပြဿနာ နှစ်စဉ်ကြုံတွေ့နေရသဖြင့် သောက်သုံးရေနှင့် မီးဘေးအန္တရာယ်ကာကွယ်ရန် လုံလောက်သောရေရရှိရေးအတွက် ဘုတ်ပြင်းမြို့မှ (၇)မိုင် အကွာအဝေးတွင်ရှိသော သဲဖြူချောင်းဖျားမှ စိမ့်စမ်းရေ သွယ်ယူပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့်မေးခွန်း**

**အချိန်၊ ၁၀း၁၃။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးခင်မျိုးဝင်းက တနင်္သာရီတိုင်းဒေသကြီး၊ ဘုတ်ပြင်းမြို့၌ နွေရာသီတွင် ရေရှားပါးသည့်ပြဿနာ နှစ်စဉ်ကြုံတွေ့နေရသဖြင့် သောက်သုံးရေနှင့် မီးဘေးအန္တရာယ်ကာကွယ်ရန် လုံလောက်သော ရေရရှိရေးအတွက် ဘုတ်ပြင်းမြို့မှ (၇)မိုင် အကွာအဝေးတွင်ရှိသော သဲဖြူချောင်းဖျားမှ စိမ့်စမ်းရေ သွယ်ယူပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၃။**

**ဦးခင်မျိုးဝင်း၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စု ဒုတိယဝန်ကြီးများ အားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ တနင်္သာရီတိုင်းဒေသကြီး ဘုတ်ပြင်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးခင်မျိုးဝင်း ဖြစ်ပါတယ်။

ကျွန်တော်တို့ မဲဆန္ဒနယ်မြေဖြစ်တဲ့ ဘုတ်ပြင်းမြို့၏ ပထဝီအနေအထားသည် အရှေ့ဘက်တောင်တန်းနှင့် အနောက်ဘက်ကမ်းရိုးတန်းကြားရှိ ကမ်းခြေမြို့ဖြစ်တဲ့အတွက် တောင်တန်းများပေါ်မှ

စီးဆင်းလာသော စိမ့်စမ်းရေများသည် မြို့၏ပတ်ဝန်းကျင်များကို ဖြတ်သန်း၍ ပင်လယ်ထဲသို့ စီးဆင်းသည့်သဘာဝကို ပိုင်ဆိုင်ထားပါတယ်။ ပင်လယ်ကမ်းစပ်မြို့ဖြစ်သည့်အတွက် မြို့ပေါ်ရှိ စက်ရေတွင်းများမှာ ပေ(၆၀)နှင့် (၈၀)ပတ်ဝန်းကျင်၌ မြေထုအပေါ်လွှာ၏ ရေကိုသာ ရရှိသုံးစွဲနေရပါသဖြင့် မိုးရာသီတွင် ရေပေါများသော်လည်း နွေရာသီတွင် ရေရှားပါးသည့်ပြဿနာကို နှစ်စဉ်ကြုံတွေ့နေရပါတယ်။ တိုးတက်လာသည့် လူဦးရေနှင့် လူနေမှုအဆင့်အတန်း မြင့်မားလာသည်နှင့်အမျှ သောက်သုံးရေလိုအပ်ချက်များမှာလည်း မြို့၏အရေးကြီးသော အခြေခံလိုအပ်ချက်တစ်ရပ် ဖြစ်ပါတယ်။

ထို့ကြောင့် လက်ရှိပိုင်ဆိုင်ထားသော သဘာဝကပေးသည့် ရေအရင်းအမြစ်မှ စိမ့်စမ်းရေသွယ်တန်းပေး၍ မြို့ရေပေးရေးကို မြို့နေပြည်သူများမှ လိုအပ်လျက်ရှိပါတယ်။ မြို့နှင့်အနီးဆုံး ရေအရင်းအမြစ်သည် ဘုတ်ပြင်းမြို့နယ် ကမာချောင်းကျေးရွာအုပ်စု၊ အေးချမ်းမြိုင်(၂)ကျေးရွာ၊ သဲဖြူချောင်း၏ ချောင်းဖျားဖြစ်၍ ပင်လယ်ရေမျက်နှာပြင်အထက် (၂၀၀)ပေ ကျော်ခန့်ရှိပြီး မြို့နှင့် (၇)မိုင်ခန့်အကွာတွင်သာ ရှိသောကြောင့် ရာသီမရွေး ရေရရှိမှာဖြစ်ပါတယ်။ သောက်သုံးရေလုံလောက်စွာရရှိ၍ မီးဘေးလုံခြုံရေးအတွက် လိုအပ်သောရေကိုလည်း လုံလောက်စွာရရှိမည် ဖြစ်ပါတယ်။ လိုအပ်သော ကွင်းဆင်းလေ့လာမှုများလည်း ဆောင်ရွက်ထားပြီးဖြစ်ပါတယ်။

ယခုလက်ရှိ သောက်သုံးရေအတွက် ရေတစ်မီတာလျှင် (၁၀၀၀)ကျပ် ပေးဆောင်နေရပြီး စိမ့်စမ်းရေသွယ်တန်းပြီးပါက ရေတစ်မီတာလျှင် (၂၀၀)ကျပ်လောက်သာ ပေးဆောင်ရမည်ဖြစ်၍ များစွာ ကုန်ကျစရိတ် သက်သာမှာဖြစ်ပါတယ်။ နိုင်ငံတော်ရဲ့ လိုအပ်ချက်များဖြစ်တဲ့ လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်မီးရရှိရေး၊ သောက်သုံးရေရရှိရေးစတဲ့ စီမံချက်များတွင်လည်း ပါဝင်တဲ့အတွက် ဘုတ်ပြင်းမြို့သူမြို့သားများရဲ့ အဓိကလိုအပ်ချက်ဖြစ်တဲ့ သောက်သုံးရေရရှိရေး၊ မီးဘေးလုံခြုံရေးအတွက် လိုအပ်သောရေရရှိရေးကို ဘုတ်ပြင်းမြို့သို့ သဲဖြူချောင်းဖျားမှ သဘာဝစိမ့်စမ်းရေသွယ်ယူပေးပါရန် နယ်စပ်ရေးရာဝန်ကြီးဌာနမှ စီစဉ်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းရခြင်း ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၅။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများနှင့်ပတ်သက်ပြီး နယ်စပ်ရေးရာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၁၅။**

**ဗိုလ်ချုပ်သန်းထွင်း (ဒုတိယဝန်ကြီး၊ နယ်စပ်ရေးရာဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးတက်ထွန်းအောင် ရဲ့ မြန်မာနိုင်ငံ အနောက်ဘက်တံခါးဖြစ်တဲ့ မောင်တောမြို့နယ်နှင့် ဘူးသီးတောင်မြို့နယ်များသို့ ရခိုင်ပြည်နယ်အနှံ့တွင် နေထိုင်လျက်ရှိတဲ့ ရခိုင်တိုင်းရင်းသားများကို စုဆောင်းပြီး ရေတို၊ ရေရှည်စီမံကိန်းများ ချမှတ်၍ စဉ်ဆက်မပြတ် ရခိုင်တိုင်းရင်းသားကျေးရွာများ တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့် စပ်လျဉ်း၍ ရခိုင်ပြည်နယ်

အစိုးရအဖွဲ့ကိုယ်စား ကျွန်တော် နယ်စပ်ရေးရာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ်မှ ပြန်လည် ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။

မြန်မာနိုင်ငံရဲ့ အနောက်ဘက်တံခါးဖြစ်တဲ့ မောင်တောခရိုင်အတွင်းမှာရှိတဲ့ မောင်တောမြို့နယ်နှင့် ဘူးသီးတောင်မြို့နယ်များမှာ ၁၉၉၀ ခုနှစ်ကစတင်၍ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး ဗဟိုကော်မတီကနေတစ်ဆင့် လုပ်ငန်းကော်မတီအနေနှင့် ဒေသဆိုင်ရာကော်မတီတို့ရဲ့ ကြီးကြပ်မှုဖြင့် တိုင်းရင်းသားစံပြကျေးရွာများကို စတင်အကောင်အထည်ဖော် တည်ထောင်ပေးခဲ့ပါတယ်။ ဒေသခံလူမျိုးများကို စုစည်းပြီး (နတလ) စံပြကျေးရွာများ တည်ထောင်ပေးခဲ့ပြီးတဲ့နောက်ပိုင်းမှာ ၁၉၉၉ ခုနှစ်မှာ ရန်ကုန်တိုင်းက ရခိုင်ပြည်နယ်မောင်တောဒေသကို အမြဲတမ်းပြောင်းရွှေ့နေထိုင်ရန် ဆန္ဒရှိတဲ့ တိုင်းရင်းသားမိသားစုများကို အထက်အကြီးအကဲများ၏ လမ်းညွှန်ချက်အရ ပြောင်းရွှေ့အိမ်ထောင်စုများကို တည်ထောင်ပေးခဲ့ရာ ယခုအချိန်မှာဆိုရင် (၁၉)ကြိမ်မြောက် ပြောင်းရွှေ့နေရာချထားပေးခဲ့ပြီးလည်း ဖြစ်ပါတယ်။ မောင်တောမြို့နယ်အတွင်းမှာ တိုင်းရင်းသားစုစည်းကျေးရွာ(၁၅)ရွာရှိပါတယ်။ ရန်ကုန်တိုင်းမှ ပြောင်းရွှေ့ကျေးရွာ(၆)ရွာနှင့် ဒေသခံတိုင်းရင်းသားများနှင့် ပြောင်းရွှေ့တိုင်းရင်းသားများ စုစည်းကျေးရွာ(၆)ရွာ စုစုပေါင်းကျေးရွာ(၂၇)ရွာကို ကျွန်တော်တို့ တည်ထောင်ပေးခဲ့ပြီးဖြစ်ပါတယ်။

ဘူးသီးတောင်မြို့နယ်အတွင်းမှာလည်း တိုင်းရင်းသားစုစည်းကျေးရွာ(၅)ရွာ၊ ရန်ကုန်တိုင်းမှ ပြောင်းရွှေ့ကျေးရွာ(၁)ရွာ၊ ဒေသခံတိုင်းရင်းသားများနှင့် ပြောင်းရွှေ့တိုင်းရင်းသားပေါင်း စုစည်းကျေးရွာ(၃)ရွာ၊ စုစုပေါင်းကျေးရွာ(၉)ရွာကို တည်ထောင်ပေးခဲ့သဖြင့် မောင်တောမြို့နယ်နှင့် ဘူးသီးတောင်မြို့နယ်များတွင် (နတလ) စံပြကျေးရွာ စုစုပေါင်း(၃၆)ရွာကို ယခုအချိန်မှာ တည်ထောင်ပေးခဲ့ပြီးဖြစ်ပါတယ်။

အဲဒီတော့ အဆိုပါတိုင်းရင်းသား အိမ်ထောင်စုများကိုလည်း မြန်မာနိုင်ငံရဲ့ အနောက်ဘက်တံခါးဖြစ်တဲ့ မောင်တောမြို့နယ်နှင့် ဘူးသီးတောင်မြို့နယ်များမှာ ရေရှည်နေထိုင်ပြီး ဘဝရပ်တည်နိုင်ရေးအတွက်လည်း ထောက်ပံ့မှုများကို ကျွန်တော်တို့ ပြုလုပ်ပေးခဲ့ပါတယ်။ ကျွန်တော်တို့ အိမ်ထောင်စုတစ်စုမှာ ပထမအကြိမ်ကနေ သတ္တမအကြိမ်အထိ ကျွန်တော်တို့ နေအိမ်(၁)လုံး၊ လှည်း(၁)စီး၊ နွား(၂)ကောင်၊ လယ်မြေ(၂)ဧက၊ ဥယျာဉ်ခြံမြေ(၁)ဧက၊ အိမ်ထောင်စု(၄)စုလျှင် လက်တွန်းထွန်စက်(၁)စီး၊ တစ်နှစ်စာ ရိက္ခာဆန်နှင့် ရိက္ခာစိုင်ငွေများကိုလည်းကောင်း၊ ဒသမအကြိမ်မြောက်မှ (၁၉)ကြိမ်မြောက်အထိ အိမ်ထောင်စုတစ်စုလျှင် နေအိမ်(၁)လုံး၊ ကျွန်တော်တို့ လယ်မြေ(၂)ဧက၊ ဥယျာဉ်ခြံမြေ(၁)ဧကနှင့် ဆိုင်ကယ်တစ်စီး၊ အပ်ချုပ်စက်(၁)လုံး၊ အိမ်ထောင်စု(၄)စုလျှင် လက်တွန်းထွန်စက်(၁)စီး၊ တစ်နှစ်စာ ရိက္ခာဆန်၊ ရိက္ခာစိုင်ငွေများကိုလည်း အသီးသီးထောက်ပံ့ပေးခဲ့ပြီးဖြစ်ပါတယ်။

ထို့အပြင် ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်ကနေ ပြောင်းရွှေ့ရောက်ရှိလာတဲ့ အိမ်ထောင်စု(၇၄၂)စုရှိပါတယ်။ လူဦးရေအနေနဲ့ ကျွန်တော်တို့ (၃၄၃၃)ဦးတို့ရှိပါတယ်။ ဒါတွေကိုလည်း ကျွန်တော်တို့ မောင်တောမြို့နယ်၊ ဘူးသီးတောင်မြို့နယ်၊ (နတလ) စံပြကျေးရွာများမှာ နေအိမ်များ ထပ်မံတိုးချဲ့ဆောက်လုပ်ပြီး နေရာချထားပေးလျက်ရှိပါကြောင်းနှင့် ၎င်းတိုင်းရင်းသားမိသားစုများအားလည်း

အခြားအထောက်အပံ့ပစ္စည်းများနှင့် တစ်နှစ်စာ ရိက္ခာဆန်နှင့် ရိက္ခာစိုင်ငွေတို့ကိုလည်း ထောက်ပံ့ပေးလျက် ရှိပါတယ်။

သို့ဖြစ်ပါ၍ မြန်မာနိုင်ငံရဲ့ အနောက်ဘက်တံခါးဖြစ်တဲ့ မောင်တောမြို့နယ်နှင့် ဘူးသီးတောင်မြို့နယ်များတွင် ဒေသခံတိုင်းရင်းသားများနှင့် ပြောင်းရွှေ့ရောက်ရှိလာသော တိုင်းရင်းသားလူမျိုးများအား နိုင်ငံတော်၏ လမ်းညွှန်ချက်နှင့်အညီ ရေတို၊ ရေရှည်စီမံကိန်းများ ရေးဆွဲ၍ ပံ့ပိုးကူညီထောက်ပံ့ပေးလျက်ရှိပါကြောင်း ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ကိုယ်စား ရှင်းလင်းဖြေကြားအပ်ပါတယ်။

ကျွန်တော်တို့ ဒုတိယမေးခွန်းဖြစ်ပါတယ်။ တနင်္သာရီတိုင်းဒေသကြီး၊ ဘုတ်ပြင်းမြို့၌ နွေရာသီတွင် ရေရှားပါးသည့် ပြဿနာ နှစ်စဉ်ကြုံတွေ့နေရသဖြင့် သောက်သုံးရေလိုအပ်ချက်လုံလောက်ရန်နှင့် မီးဘေးအန္တရာယ် ကာကွယ်ရန် လုံလောက်သော ရေရရှိရေးအတွက် ဘုတ်ပြင်းမြို့နယ်မှ (၇)မိုင် အကွာအဝေးတွင်ရှိသော သဲဖြူချောင်းဖျားမှ စိမ့်စမ်းရေသွယ်ယူပေးရန် အစီအစဉ်ရှိ/မရှိ မေးခွန်းနှင့်ပတ်သက်၍ ပြန်လည်ဖြေကြားမှာ ဖြစ်ပါတယ်။ ဘုတ်ပြင်းမြို့နယ်မှာ ဘုတ်ပြင်းမြို့ရှိပါတယ်။ ပြည်ကြီးမဏ္ဍိုင်မြို့၊ ကရသူရိမြို့အပါအဝင် မြို့နယ်(၃)မြို့နယ်၊ ရပ်ကွက်ကျေးရွာအုပ်စုပေါင်း (၂၇)အုပ်စု တည်ရှိပါတယ်။ ဘုတ်ပြင်းမြို့နယ်အတွင်းမှာ ရပ်ကွက်(၂)ရပ်ကွက်၊ ကျေးရွာအုပ်စု(၉)အုပ်စု၊ အိမ်ခြေ(၇၉၈၂)လုံးနှင့် အိမ်ထောင်စု(၈၈၅၀)စုနှင့် လူဦးရေ(၃၆၁၁၈)ဦးဖြင့် ဖွဲ့စည်းထားရှိပါတယ်။

ကျွန်တော်တို့ ဘုတ်ပြင်းမြို့ရေရရှိရေးအတွက် နယ်စပ်ရေးရာဝန်ကြီးဌာနကနေ ပြည်ထောင်စုရန်ပုံငွေဖြင့် ၂၀၁၆-၂၀၁၇ ခု ဘဏ္ဍာရေးနှစ်မှာ အလယ်မန်ရွာဟောင်း စိမ့်စမ်းရေသွယ်ယူခြင်းလုပ်ငန်းကို ခွင့်ပြုရန်ပုံငွေကျပ် (၁၅)သန်းဖြင့် လည်းကောင်း၊ နောက်တစ်ခါ အုန်းတောကမ်းကျေးရွာစိမ့်စမ်းရေသွယ်ယူခြင်းလုပ်ငန်းကို ခွင့်ပြုရန်ပုံငွေကျပ်(၃၀)သန်းဖြင့်လည်းကောင်း၊ အကောင်အထည်ဖော်ဆောင်ရွက်ပေးနိုင်ခဲ့ပြီးဖြစ်ပါတယ်။ လက်ရှိအခြေအနေမှာ ဘုတ်ပြင်းမြို့မှာ ပုဂ္ဂလိကရေပေးရေးလုပ်ငန်း(၃)ခုရှိပါတယ်။ တစ်နေ့လျှင် ရေဂါလန် (၁၀၅၀၀၀)ဂါလန်ဖြင့် ဖြန့်ဝေပေးလျက်ရှိပြီးလွှမ်းခြုံမှု အနေနဲ့ (၇၆.၅)ရာခိုင်နှုန်းခန့် ရှိတယ်လို့ ကျွန်တော်တို့ သိရှိရပါတယ်။

ထို့အပြင် တနင်္သာရီတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ကနေ MY P- II စီမံကိန်းဖြင့် လောင်းလုံမြို့နှင့် ဘုတ်ပြင်းမြို့တို့မှာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် JICA မှ ပညာရှင်များ ကွင်းဆင်းတိုင်းတာခဲ့ရာ ဘုတ်ပြင်းမြို့ရေရရှိရေးအတွက် အထောက်အကူပြုနိုင်မယ့် ကမာချောင်းကျေးရွာအုပ်စု၊ အေးချမ်းမြိုင်ကျေးရွာအနီး သဲဖြူချောင်းရေအရင်းအမြစ်မှ Gravity System ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပြီး သန့်ရှင်းသော သောက်သုံးရေလွှမ်းခြုံမှု (၁၀၀)ရာခိုင်နှုန်းပေးဝေနိုင်ရန်အတွက် Slow Sand Filter Chlorination System အား JICA ODA(Loan) ချေးငွေဖြင့် (MY P- I) စီမံကိန်းအပြီး ၂၀၁၇-၂၀၁၈ ခုနှစ် ဘဏ္ဍာရေးနှစ် သို့မဟုတ် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ရန် လျာထားသတ်မှတ်ပြီး ဖြစ်ပါတယ်။

ကျွန်တော်တို့ နယ်စပ်ရေးရာဝန်ကြီးဌာန၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် တနင်္သာရီတိုင်းဒေသကြီးအတွင်း နယ်စပ်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများ

ကို အကောင်အထည်ဖော်ဆောင်ရွက်ရာမှာ ကျွန်တော်တို့ ရေဖြူမြို့နယ်၊ တနင်္သာရီမြို့နယ်၊ ကျွန်းစု မြို့နယ်၊ ကော့သောင်းမြို့နယ်နှင့် ဘုတ်ပြင်းမြို့နယ်တို့မှာ အဓိကသတ်မှတ် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။ ဘုတ်ပြင်းမြို့နယ်အတွင်းမှာရှိတဲ့ ကမာချောင်းကျေးရွာအုပ်စု၊ အေးချမ်း မြို့ကျေးရွာအနီး သဲဖြူချောင်းဟာ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ သဘောတူ နယ်မြေပိုင်းခြားချက်များ အရ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏လုပ်ငန်း အကောင်အထည် ဖော်ဆောင်ရွက်ရမည့် နယ်မြေအတွင်းမှာ မပါရှိပါသဖြင့် အဆိုပါစိမ့်စမ်းရေသွယ်ယူခြင်းလုပ်ငန်းအား နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုရန်ပုံငွေဖြင့် ဆောင်ရွက်ပေးရန် လတ်တလော အစီအစဉ် မရှိ ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။　　　။ မေးခွန်းလာရောက်ဖြေကြားပေးတဲ့ ပြည်ထောင်စုအဆင့် အဖွဲ့အစည်း ဝင်များ မိမိအစီအစဉ်ပြီးဆုံးလျှင် ပြန်လည်ထွက်ခွာနိုင်ပါတယ်။

**အချိန်၊ ၁၀း၂၂။**

**ဥက္ကဋ္ဌ**။　　　။ ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ်လေးဦး မေးမြန်းတဲ့ မေးခွန်း များသည် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး တစ်ဦးတည်းက ဖြေကြားမည့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**မြန်မာတစ်နိုင်ငံလုံးရှိ ပုဂ္ဂလိကစက်သုံးဆီဆိုင်အများစုတွင် ရောင်းချနေသော စက်သုံးဆီများသည် အရည်အသွေး ပြည့်မီမှုမရှိကြောင်း ပြည်သူလူထုထံမှ ကြားသိနေရပါသဖြင့် စက်သုံးဆီအရောင်းဆိုင် များကို စစ်ဆေးအရေးယူပေးရန် အစီအစဉ် ရှိ/မရှိ နှင့်စပ်လျဉ်းသည့်မေးခွန်း**

**အချိန်၊ ၁၀း၂၂။**

**ဥက္ကဋ္ဌ**။　　　။ ပထမဦးစွာ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးအေးမင်းဟန် က မြန်မာနိုင်ငံတစ်နိုင်ငံလုံးရှိ ပုဂ္ဂလိက စက်သုံးဆီဆိုင် အများစုတွင် ရောင်းချနေသော စက်သုံးဆီများသည် အရည်အသွေး ပြည့်မီမှုမရှိကြောင်း ပြည်သူလူထုထံမှ ကြားသိနေရပါသဖြင့် စက်သုံးဆီ အရောင်းဆိုင် များကို စစ်ဆေးအရေးယူပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းတဲ့ မေးခွန်းကို မေးမြန်းဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၃။**

**ဦးအေးမင်းဟန်၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)**။　　　။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးအေးမင်းဟန် ဖြစ်ပါတယ်။ ကျွန်တော့်အနေဖြင့် မြန်မာတစ်နိုင်ငံလုံးရှိ ပုဂ္ဂလိက စက်သုံးဆီဆိုင်အများစုတွင် ရောင်းချနေသော စက်သုံးဆီများသည် အရည်အသွေး ပြည့်မီမှုမရှိကြောင်း ပြည်သူလူထုထံမှ ကြားသိနေရပါသဖြင့် စက်သုံးဆီအရောင်းဆိုင်များကို စစ်ဆေးအရေးယူပေးရန်

အစီအစဉ် ရှိ/မရှိနှင့် စစ်ဆေးအရေးယူမည်ဆိုပါက မည်ကဲ့သို့ အစီအစဉ်များဖြင့် စစ်ဆေးအရေးယူမှုများပြုလုပ်သွားမည်ကို သိရှိ လိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းသွားမှာ ဖြစ်ပါတယ်။

လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အင်္ဂလိပ်စာ အသုံးအနှုန်း အသုံးပြုခွင့်ပေးဖို့ ရိုသေစွာ တင်ပြတောင်းခံအပ်ပါတယ်။ မြန်မာတစ်နိုင်ငံလုံး၌ MEE ပိုင် စက်သုံးဆီဆိုင်ပေါင်း(၁၂)ဆိုင်နှင့် ပုဂ္ဂလိကစက်သုံးဆီဆိုင်ပေါင်း(၂၀၈၂)ဆိုင်ရှိသည်ဟု သိရှိရပါတယ်။ အဆိုပါ ပုဂ္ဂလိက စက်သုံးဆီဆိုင်အများစုတွင် ရောင်းချနေသော ဓာတ်ဆီ၊ 92 ၊ 95 နှင့် ဒီဇယ်ဆီ အစရှိသည့် စက်သုံးဆီအမျိုးမျိုးတို့သည် အရည်အသွေးပြည့်မီမှုမရှိကြောင်း ပြည်သူလူထုထံမှ ကြားသိနေရပါတယ်။

ထိုကဲ့သို့ အရည်အသွေးမပြည့်မီသော စက်သုံးဆီများကို ပြည်သူလူထု၏ မော်တော်ယာဉ်များတွင် အသုံးပြုနေရသဖြင့် မော်တော်ယာဉ်များရှိ ပလပ်၊ ဆီတိုင်ကီထဲရှိ ဆီပန့်တို့သည် ပျက်စီးမှုများဖြစ်သဖြင့် မကြာခဏဆိုသလို ဖြုတ်လဲနေရပါတယ်။ မော်ဒယ်မြင့် မော်တော်ယာဉ်များ၌ အရည်အသွေးမပြည့်မီသည့် ဆီများကို သုံးစွဲမိပါက အင်ဂျင်များထိုးရပ်ပြီး အင်ဂျင်ပါ ပျက်သည့်အထိ ကြုံတွေ့ရပါတယ်။ ထိုကဲ့သို့ ပလပ်၊ ဆီပန့်နှင့် မော်တော်ကားအင်ဂျင်များသည် မကြာခဏဆိုသလို ပျက်စီးနေသဖြင့် ဖြုတ်လဲနေရခြင်းတို့ကြောင့် ပြည်သူတို့၏ ဘဏ္ဍာငွေများ မလိုအပ်ဘဲ ဆုံးရှုံးလျက်ရှိပါတယ်။ အဆိုပါ ပလပ်နှင့် ဆီတိုင်ကီထဲရှိ ပန့်များ၊ မော်တော်ကားအင်ဂျင်များသည် နိုင်ငံခြားမှ မှာယူတင်သွင်းရသဖြင့် မိမိနိုင်ငံမှာရှိသည့် နိုင်ငံခြားဝင်ငွေများလည်း မလိုအပ်ဘဲ ဆုံးရှုံးနေရပါတယ်။ ထို့ကြောင့် စက်သုံးဆီဆိုင်များကို မကြာခဏဆိုသလို ဝင်ရောက်စစ်ဆေးပြီး အရည်အသွေး မပြည့်မီသော စက်သုံးဆီများရောင်းချနေသည်ကို တွေ့ရှိပါက ထိရောက်စွာ အရေးယူရန်လိုအပ်ပါတယ်။ ထိုမှသာလျှင် ပုဂ္ဂလိကစက်သုံးဆီဆိုင်များသည် အရည်အသွေးပြည့်မီသော စက်သုံးဆီများကို ရောင်းချလာမှာ ဖြစ်ပါတယ်။ နိုင်ငံတကာမှာဆိုရင် Mobile Fuel Lab Test Car များကို အသုံးပြု၍ စက်သုံးဆီဆိုင်များတွင် ရောင်းချနေသော စက်သုံးဆီများ သန့်မသန့်ကို စစ်ဆေးလျက်ရှိပါတယ်။

မြန်မာနိုင်ငံမှာတော့ Mobile Fuel Lab Test Car (၅) စီးသာရှိပြီး၊ အဆိုပါ ကား(၅)စီးမှာလည်း အရည်အသွေးစစ်ဆေးရာတွင် ရွှေ့လျားကားများဖြစ်၍ တုန်ခါမှုနှုန်းပေါ်မူတည်ပြီး မတည်ငြိမ်မှုများဖြစ်ပေါ်နေသဖြင့် လိုအပ်သည့် ပြင်ဆင်မှုများပြုလုပ်ရန် အသုံးပြုခြင်းကိုလက်ရှိတွင် ခေတ္တဆိုင်းငံ့ထားကြောင်း တွေ့ရှိရပါတယ်။ ထို့အပြင် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန လက်အောက်ရှိ မြန်မာ့ရေနံထွက် ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း ပြည်နယ်ရုံးများရှိ ဝန်ထမ်းများသည် ပုဂ္ဂလိက စက်သုံးဆီဆိုင်များမှ စက်သုံးဆီများကို သန်လျင်ရေနံချက်စက်ရုံသို့ ပို့ဆောင်စစ်ဆေးပေးလျက်ရှိကြောင်း သိရှိထားပါတယ်။ ထိုကဲ့သို့ ပို့ဆောင်သည့်အခါမှာလည်း ပို့ဆောင်စရိတ် (၁)သိန်းနီးပါးမျှ ကုန်ကျသဖြင့် ကုန်ကျစရိတ်ကြီးမားသောကြောင့် ရံဖန်ရံခါမှသာ လုပ်ဆောင်လျက်ရှိကြောင်း ပြည်နယ်ဦးစီးမှူးတစ်ဦးထံမှ သိရှိရပါတယ်။

သို့ဖြစ်ပါ၍ ပုဂ္ဂလိကစက်သုံးဆီဆိုင်များတွင် ရောင်းချနေသော စက်သုံးဆီများကို စစ်ဆေးမှုမရှိသလောက် နည်းပါးနေသဖြင့် စက်သုံးဆီဆိုင်အများစုမှာ အရည်အသွေးမပြည့်မီသော

ဆီများကိုသာ ရောင်းချလာကြပါတယ်။ ထိုစက်သုံးဆီများဝယ်ယူသုံးစွဲမိသော ပြည်သူများမှာ လွန်စွာမှ ထိခိုက်နစ်နာဆုံးရှုံးလျက်ရှိပါတယ်။ ထို့ကြောင့် မြန်မာနိုင်ငံမှာ ပြည်သူများ အရည်အသွေးပြည့်မီသော စက်သုံးဆီများကို သုံးစွဲနိုင်ရန်အတွက် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် စက်သုံးဆီအရောင်းဆိုင်များကို စစ်ဆေးအရေးယူပေးရန် အစီအစဉ် ရှိ/မရှိနှင့် စစ်ဆေးအရေးယူမည်ဆိုပါက မည်ကဲ့သို့သော အစီအစဉ်များဖြင့် စစ်ဆေးအရေးယူပြုလုပ်မည်ကို သိရှိလိုခြင်းနှင့်စပ်လျဉ်းတဲ့ မေးခွန်းကို အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးတစ်ဆင့် သက်ဆိုင်ရာဝန်ကြီးအား မေးမြန်းရခြင်း ဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**မကွေးတိုင်းဒေသကြီး၊ ချောက်မြို့တွင်တည်ဆောက်ထားသော 132/66 KV, 40 MVA ဓာတ်အားခွဲရုံ၊ ချောက်မြို့မှ စလေကိုဖြတ်သန်းသွားသော ချောက်-ရေနံချောင်း မြို့ချင်းဆက်လမ်းအတိုင်း 66 KV Line သွယ်တန်းပေးရန် အစီအစဉ် ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**အချိန်၊ ၁၀း၂၆။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးခင်ဝင်းက မကွေးတိုင်းဒေသကြီး၊ ချောက်မြို့တွင် တည်ဆောက်ထားသော 132/66 KV, 40 MVA ဓာတ်အားခွဲရုံ၊ ချောက်မြို့မှ စလေကို ဖြတ်သန်းသွားသော ချောက်-ရေနံချောင်း မြို့ချင်းဆက်လမ်းအတိုင်း 66 KV Line သွယ်တန်းပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၆။**

**ဦးခင်ဝင်း၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)။** ။ လေးစားအပ်သော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ တက်ရောက်လာကြသော ပြည်ထောင်စုဝန်ကြီးများ၊ လွှတ်တော် ကိုယ်စားလှယ်များ အားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ ချောက်၊ ရေနံချောင်းမြို့နယ်ကိုကိုယ်စားပြုတဲ့ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခင်ဝင်း ဖြစ်ပါတယ်။ Power Point အသုံးပြုခွင့်ပြုပါ။

ဒါကတော့ ကျွန်တော်ကိုယ်စားပြုတဲ့ မြို့နှစ်မြို့နယ်ပါ။ ချောက်မြို့နယ်ဟာ မန္တလေးတိုင်းနယ်စပ်မှာရှိပြီးတော့ မြို့နယ်အဆုံးက ရေနံချောင်းနဲ့ (၄)မိုင်လောက်ပဲ ကွာနေပါတယ်။ မြို့က တစ်ဖက်စောင်းကြီးလို့ ကျွန်တော် ပြောရင်လည်း ရပါတယ်။ နောက် Power Point တစ်ခု တင်ပေးပါ။ ဒါကတော့ ချောက်မြို့နယ် ငွေးချိုဖီတာကနေပြီးတော့ အဲဒီလိုင်းပေါ်မှာ အသုံးပြုထားတဲ့ Transformers တွေပါ။ အဲဒါတွေက အလုံး(၉၀)လောက်ရှိပါတယ်။ kV အားဖြင့်ဆိုရင်လည်း (၁၃၀၀၀)လောက် ရှိနေပြီးဖြစ်ပါတယ်။


နောက် Power Point တစ်ခုပြပါ။ ဒါကတော့ ချောက်-ငွေးချိုလိုင်း 11 kV လိုင်းတွေမှာ ခုနက Transformers တွေဆီရောက်ဖို့အတွက် ဆွဲထားတဲ့ 11 kV လိုင်းတွေပါ။ အဲဒီလိုင်းတွေဟာ မိုင်(၁၀၀)ကျော်နေပါပြီ။ Power Point လေးသိမ်းပေးပါ။ ကျွန်တော့်အနေဖြင့် ချောက်မြို့မှ စလေမြို့ကိုဖြတ်ပြီး ဖွံ့ဖြိုးရေးလမ်းအတိုင်း ရေနံချောင်းစက်မှုဇုန် 66 kV Line တစ်ခု လိုချင်ပါတယ်။

အဲဒီလိုင်းပေါ်မှာ ချောက်မြို့အတွက် သင့်တော်သောနေရာတွေမှာ 66/ 11 Sub Station (၂)ခုလောက် လိုချင်ပါတယ်။ အဲဒီလို တည်ဆောက်နိုင်မှသာ ချောက်မြို့တစ်မြို့နယ်လုံး မီးလင်းရေးဟာ မီးလင်းရုံသာမက ရေရှည်မှာ ကျေးရွာများမှာ ကုန်ချောထုတ်လုပ်မှု၊ Voltage ပြည့်ဝစွာ Line Fault နည်းစွာဖြင့် ကုန်ထုတ်လုပ်နိုင်မှာ ဖြစ်ပါတယ်။ ချောက်မြို့နယ်တစ်ခုလုံးလည်း လွှမ်းခြုံနိုင်သော အခြေအနေကို ရောက်ရှိသွားမှာ ဖြစ်ပါတယ်။


ဥက္ကဋ္ဌကြီးခင်ဗျား။ ချောက်ခွဲရုံမှ ပခန်းငယ် မြစ်ရေတင်စီမံကိန်းထိအလည်း 66/ 11 kV လိုင်း နဲ့ (၂.၅)မီဂါဝပ်သုံးထားသော လိုင်းတစ်လိုင်းဟာရှိနေပြီ ဖြစ်ပါတယ်။ အဲဒီလိုင်းမှာ ဆက်သွယ်ရင်လည်း ရေနံချောင်းမြို့ရောက်ရန် မဝေးတော့ပါဘူး။ လိုင်းသစ်တည်ဆောက်မယ်ဆိုရင်လည်း လိုင်းအူကြောင်း အထူးရှာစရာ မလိုတော့ပါဘူး။ ရေနံချောင်းမြို့မှာ 33 kV၊ ရေနံချောင်း- မကျီးကန် မိုင်(၄၀)နီးပါး လိုင်းတစ်လိုင်းရှိပါတယ်။ အဲဒီ 33 kV လိုင်းဟာ လွန်ခဲ့တဲ့ နှစ်(၃၀)လောက်က စုပေါင်းစပ်ပေါင်းဆွဲထားတဲ့ လိုင်းဖြစ်ပါတယ်။ ဘာလို့ စုပေါင်းစပ်ပေါင်းလိုင်းလဲဆိုတော့ လေးထောင့်တိုင်ကွန်ကရစ်တိုင်တွေက မကွေး-တောင်တွင်းကြီးလိုင်းမှာ အသုံးမပြုတဲ့ တိုင်တွေကို နုတ်ပြီးတော့ စိုက်ရပါတယ်။ ကျန်တဲ့တိုင်တွေက ရေနံတွင်းတူးပိုက် Drill Pipe တွေပေါ့။ Drill Pipe တွေကို ဓာတ်တိုင်ဖြစ်အောင် ဖြတ်တောက်ဆက်ပြီး အရေးပေါ်ဆွဲထားတဲ့ လိုင်းတွေဖြစ်ပါတယ်။ လိုင်းဆွဲတော့လည်း ရေနံ အင်ဂျင်နီယာတွေနဲ့ပဲ ဆွဲခဲ့ရတာပါ။ ဒါကလည်း ကျွန်တော်ကိုယ်တိုင် ပါဝင်ခဲ့လို့ လက်တွေ့ပြောနေတာပါ။ ဒီနေ့ဆိုရင် လိုင်းပေါ်မှာရှိတဲ့ Insulator တွေကလည်း စံချိန်မမီတော့ပါဘူး။ မကြာခဏ Line Fault ဖြစ်ဖြစ်နေပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ရေနံချောင်းရေနံမြေဟာ ယနေ့အထိ မြန်မာပြည်မှာ ရေနံအထွက်ဆုံး ရေနံမြေဖြစ်ပါတယ်။ Shut Down မကြာခဏဖြစ်လို့ မရပါဘူး။ Power Point ပြန်တင်ပေးပါဦး။ စက်မှုဇုန်ကလည်း မကွေးတိုင်းအတွင်းမှာ နှစ်ခုရှိတဲ့အနက် တစ်ခုအပါအဝင် ဖြစ်ပါတယ်။ ရေပေါပါတယ်။ မြေကြီးရှိပါတယ်။ လုပ်သားရှိပါတယ်။ စက်မှုထွန်းကားပါတယ်။ ရန်ကုန်-မန္တလေး လမ်းမကြီးဟာ စက်မှုဇုန်အလယ်မှာ ဖြတ်သွားပါတယ်။ လိုနေတာက လျှပ်စစ်ဓာတ်အားပါ။ ရင်းနှီးမြှုပ်နှံမှုများရောက်လာဖို့ ရေနံထုတ်လုပ်ရေးမကျဆင်းဖို့၊ လျှပ်စစ်ဓာတ်အားမပြတ်တောက်ဘဲ Voltage ပြည့်ဝစွာ အစဉ်ရရှိဖို့လိုပါတယ်။ ဒါကြောင့် ကျွန်တော်ကိုယ်စားပြုတဲ့ မြို့နယ်နှစ်မြို့ NEP Plan စီမံချက်နဲ့ လိုက်လျောညီထွေ ပါဝင်နိုင်ဖို့ ချောက်-ရေနံချောင်း 66 kV လိုင်းနဲ့ သင့်တော်သော 66/11 Sub Station (၃)ခုလောက် တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ တည်ဆောက် ပေးရန်လည်း ကျွန်တော် မေတ္တာရပ်ခံအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

မကွေးတိုင်းဒေသကြီး၊ ချောက်မြို့နယ်အတွင်း လက်ရှိဓာတ်အားစနစ်ပြ မြေပုံ (ဆ)




မကွေးတိုင်းဒေသကြီး၊ ချောက်မြို့နယ်အတွင်း ၆၆ ကေဗွီဓာတ်အားခွဲရုံများ တိုးချဲ့တည်ဆောက်သွားရန် လျာထားသည့် မြေပုံ (ဆ-၁)



**ကရင်ပြည်နယ်၊ ဖာပွန်ခရိုင်၊ ဖာပွန်မြို့တွင် မဟာဓာတ်အားလိုင်းမှတစ်ဆင့် လျှပ်စစ်ဓာတ်အားသုံးစွဲခွင့်ရရှိနိုင်ရေးအတွက် နိုင်ငံတော်က မည်သို့စီမံဆောင်ရွက်ထားသည်ကို သိရှိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း**

**အချိန်၊ ၁၀း၃၀။**

**ဥက္ကဋ္ဌ။** ။ဆက်လက်ပြီး ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးစိုင်းသန်းနိုင်က ကရင်ပြည်နယ်၊ ဖာပွန်ခရိုင်၊ ဖာပွန်မြို့တွင် မဟာဓာတ်အားလိုင်းမှတစ်ဆင့် လျှပ်စစ်ဓာတ်အား သုံးစွဲခွင့်ရရှိနိုင်ရေးအတွက် နိုင်ငံတော်က မည်သို့စီမံဆောင်ရွက်ထားသည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၁။**

**ဦးစိုင်းသန်းနိုင်၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဒုတိယဝန်ကြီး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေ။ ကျွန်တော်ကတော့ ကရင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၅)က အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းသန်းနိုင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနနဲ့ သက်ဆိုင်တဲ့ ကြယ်ပွင့်ပြမေးခွန်း တစ်ရပ်ကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းသွားမှာ ဖြစ်ပါတယ်။ မေးခွန်းကတော့ ကရင် ပြည်နယ်၊ ဖာပွန်ခရိုင်၊ ဖာပွန်မြို့တွင် မဟာဓာတ်အားလိုင်းမှတစ်ဆင့် လျှပ်စစ်ဓာတ်အား သုံးစွဲခွင့်ရရှိနိုင်ရေး နိုင်ငံတော်က မည်သို့စီမံ ဆောင်ရွက်ထားသနည်းဆိုတဲ့ မေးခွန်း ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ရှေးဦးစွာ ကျွန်တော့်ရဲ့ မွေးရပ်ဇာတိ၊ ကျွန်တော့်ရဲ့ မဲဆန္ဒနယ်မြေဖြစ်တဲ့ ဖာပွန်မြို့နယ်အကြောင်းကို အကျဉ်းမျှ မိတ်ဆက်တင်ပြပါရစေခင်ဗျား။ ဖာပွန်မြို့နယ်ဟာ ကရင်ပြည်နယ်ရဲ့ အနောက်မြောက်အစွန်ဆုံးမှာ တည်ရှိပြီးတော့ ကယားပြည်နယ်၊ မွန်ပြည်နယ်၊ ပဲခူးတိုင်း၊ ထိုင်းနိုင်ငံတို့နဲ့ နယ်နိမိတ်ချင်းထိစပ်လျက်ရှိနေပါတယ်။ ဒီလို နယ်နိမိတ်တွေ ထိစပ်နေပေမယ့် လမ်းပန်းဆက်သွယ်ရေးအနေနဲ့ကတော့ ဘားအံ-သထုံကားလမ်းကို ပဘိုးတောလို့ ခေါ်တဲ့ ရွာလေးမှာ လာပေါက်တဲ့ (၉၁)မိုင် (၄)ဖာလုံ ရှည်လာတဲ့ မော်တော်ကားလမ်းတစ်ကြောင်း သာရှိပြီးတော့ လမ်းဆုံးမြို့လည်း ဖြစ်ပါတယ်။ ဖာပွန်မြို့နယ်အတွင်းမှာ မြို့နှစ်မြို့၊ ကျေးရွာအုပ်စုပေါင်း (၂၃)အုပ်စုနှင့် ကျေးရွာပေါင်း(၃၀၀)ကျော်၊ လူဦးရေ(၁)သိန်းကျော် နေထိုင်ပါတယ်။ မြို့အနီးဝန်းကျင်မှာ တပ်မတော်အခြေချ စစ်ဗျူဟာတစ်ခုနှင့် တပ်ရင်း(၄)ရင်းရုံးစိုက်ထားပြီး မဟာဗျူဟာအရ အချက်အခြာ ကျတဲ့နေရာမှာ ရှိတဲ့အတွက်ကြောင့် ၂၀၁၂ ခုနှစ်မှာ အထူးခရိုင်မြို့အဖြစ် အဆင့်တိုးမြှင့် သတ်မှတ်ထားတဲ့မြို့လည်း ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဖာပွန်ဒေသဟာ မြန်မာနိုင်ငံလွတ်လပ်ရေးရပြီး မရှေးမနှောင်းမှာ စတင်ခဲ့တဲ့ ပြည်တွင်းစစ်ရဲ့ အနိဋ္ဌာရုံတွေကို နှစ်ပေါင်း(၇၀)ပြည့်သည့်တိုင်အောင် ခါးသည်းစွာ ကြုံတွေ့ခံစားခဲ့ရတဲ့ နယ်မြေတစ်ခုဖြစ်ပါတယ်။ လွန်ခဲ့တဲ့ (၅)နှစ် ၂၀၁၂ ရောက်မှ ငြိမ်းချမ်းရေးရောင်နီနဲ့အတူ ပြည်သူတွေအဖို့ အသက်ရှူချောင်လာကြတယ်ဆိုပေမယ့် တစ်ခြားဒေသတို့ကို လိုက်မီဖို့ကတော့ နှစ်ပေါင်းများစွာ ကြိုးစားရဦးမှာ ဖြစ်ပါတယ်။ ဒါကြောင့် ဒေသရဲ့ စီးပွားရေး၊

ပညာရေး၊ ကျန်းမာရေးအခြေအနေဟာ နိမ့်ကျကျန်ရစ်လျက် ရှိနေပါတယ်။ မြို့နယ်ရဲ့ (၇၅)ရာခိုင်နှုန်းခန့်သော ကျေးရွာတွေမှာ ယနေ့တိုင် စာသင်ကျောင်းမရှိ၊ ဆေးပေးခန်းမရှိ လမ်းဆိုလို့ လူသွားလမ်းသာရှိတဲ့အနေအထားပဲ ရှိနေပါသေးတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒေသတစ်ခုဟာ ငြိမ်းချမ်းရေးရှိမှ ဖွံ့ဖြိုးတိုးတက်မှာ ဖြစ်သလို ဖွံ့ဖြိုးတိုးတက်မှုတွေက ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ပိုမိုဖြစ်ထွန်းအားကောင်းစေမှာ ဖြစ်ပါတယ်။ ဒေသတစ်ခု ဖွံ့ဖြိုးတိုးတက်မှုအတွက် အခြေခံလိုအပ်ချက်များစွာ ရှိတဲ့အနက်က လျှပ်စစ်ဓာတ်အားသုံးစွဲနိုင်ခြင်းဟာ အဓိကကျတဲ့အချက်ဖြစ်ကြောင်း အားလုံးက လက်ခံထားကြပါတယ်။

ဥက္ကဋ္ဌကြီးနဲ့ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အချို့သော ရင်းနှီးမြှုပ်နှံမှုတွေဟာ စီးပွားရေးတွက်ချေကိုက်မှုထက် ပိုမိုသောကောင်းကျိုးရလဒ်ကို ဖြစ်ပေါ်စေပါတယ်။ အကယ်၍သာ သထုံ-ဘားအံ 66kV ဓာတ်အားလိုင်းကတစ်ဆင့် မိုင်(၉၀)လောက်ဝေးတဲ့ ဖာပွန်မြို့အရောက် လျှပ်စစ်ဓာတ်အား သွယ်တန်းပေးနိုင်မယ်ဆိုရင်တော့ အိမ်ခြေ(၂၀၀၀)ခန့်ရှိပြီး လူဦးရေ(၁၀၀၀၀) ကျော်နေထိုင်တဲ့ ကမမောင်းမြို့အပါအဝင် ဖာပွန်မြို့နယ်ထဲက ကျေးရွာများနဲ့ ဘားအံမြို့နယ်ထဲက ကျေးရွာတစ်ချို့ လျှပ်စစ်ဓာတ်အားကို သုံးစွဲနိုင်ကြမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မှိန်ဖျော့ဖျော့ဖြစ်နေတဲ့ ကျွန်တော်တို့ဒေသရဲ့ အခြေအနေအရပ်ရပ်ဟာ မကြာတော့တဲ့ အနာဂတ်ကာလတစ်နေ့မှာ ထွန်းလင်းတောက်ပ လာစရာအကြောင်း ရှိ/မရှိနဲ့ အဖြေအမြန်ကတော့ နိုင်ငံတော်၏ အထူးသဖြင့် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနရဲ့ သဘောထား စေတနာနဲ့ ဆောင်ရွက်ပေးမှုအပေါ်မှာလည်း တည်မှီလျက်ရှိနေပါကြောင်း တင်ပြရင်းနဲ့ ကျွန်တော့်ရဲ့ အထက်ပါမေးခွန်းကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဇောတိက (PTTEP) ကုမ္ပဏီမှ သဘာဝဓာတ်ငွေ့ ပိုက်လိုင်း သွယ်တန်းပြီး ရဲတံခွန်ပိုက်လိုင်းနှင့် ဇောတိက ပိုက်လိုင်း နှစ်လိုင်းကြား ဥယျာဉ်ခြံတောင်သူများ လုပ်ကိုင်စားသောက်ခွင့် မရတော့သော သီးပင်စားပင်များအား ယခင် ရတနာ (TOTAL) သဘာဝဓာတ်ငွေ့ကုမ္ပဏီနှင့် ရဲတံခွန် (PETRONAS) သဘာဝဓာတ်ငွေ့ကုမ္ပဏီများကဲ့သို့ သစ်ပင်တန်ဖိုး၏ သုံးနှစ်စာ နစ်နာကြေး/ လျော်ကြေးအဖြစ် ပေးနိုင်ခြင်း ရှိ/မရှိကို သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း**

**အချိန်၊ ၁၀း၃၄။**

**ဥက္ကဋ္ဌ**။　　။ ဆက်လက်ပြီး တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးဟန်ဝင်းသိန်းက ဇောတိက (PTTEP) ကုမ္ပဏီမှ သဘာဝဓာတ်ငွေ့ပိုက်လိုင်း သွယ်တန်းပြီး ရဲတံခွန်ပိုက်လိုင်းနှင့် ဇောတိက ပိုက်လိုင်း နှစ်လိုင်းကြား ဥယျာဉ်ခြံတောင်သူများ လုပ်ကိုင်စားသောက်ခွင့် မရတော့သော သီးပင်စားပင်များအား ယခင်ရတနာ (TOTAL) သဘာဝဓာတ်ငွေ့ကုမ္ပဏီနှင့် ရဲတံခွန် (PETRONAS) သဘာဝဓာတ်ငွေ့ကုမ္ပဏီများကဲ့သို့ သစ်ပင်တန်ဖိုး၏ သုံးနှစ်စာ နစ်နာကြေး/လျော်ကြေးအဖြစ် ပေးနိုင်ခြင်း ရှိ/မရှိကို သိရှိလိုခြင်းနှင့် စပ်လျဉ်းတဲ့ မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၅။**

**ဦးဟန်ဝင်းသိန်း၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ တက်ရောက်လျက်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ်များနှင့် အစိုးရတာဝန်ရှိသူများအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဟန်ဝင်းသိန်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဖော်ပြပါမေးခွန်းမှာပါတဲ့ ဇောတိက သဘာဝဓာတ်ငွေ့ကုမ္ပဏီသည် မြန်မာ့ကမ်းလွန်ပင်လယ်မှ ပိုက်လိုင်းသွယ်တန်းလာပြီး ၂၀၁၀ ခုနှစ်တွင် ကုန်းတွင်းပိုင်းကို စတင်ဝင်ရောက်လာစဉ် တနင်္သာရီတိုင်းဒေသကြီး ရေဖြူမြို့နယ် ဖောင်းတောကျေးရွာအုပ်စုသို့ ပထမဆုံးဖြတ်သွားရန် လုပ်ဆောင်စဉ်က ဒေသဥယျာဉ်ခြံများ ထိခိုက်နစ်နာမှုနည်းစေရန်နှင့် ပိုက်လိုင်း လုံခြုံမှုပိုမိုရရှိစေရန်အတွက် ရဲတံခွန်သဘာဝဓာတ်ငွေ့ပိုက်လိုင်းနှင့် နီးကပ်စွာသွားရန် ဒေသခံပြည်သူ များက အကြံပေးတိုက်တွန်းခဲ့သည်ကို လက်မခံဘဲ မီတာ(၂၀)ခန့်ခွာ၍သွားခဲ့သည်။ ထိုစဉ် ကာလ ၂၀၁၁ ခုနှစ်က ရွာသားများ တားဆီးပိတ်ပင်မှုကြောင့် ပိုက်လိုင်းနှစ်လိုင်းကြား ကျန်ခဲ့သော အပင်များကို ယခင်ကုမ္ပဏီများကဲ့သို့ လျော်ကြေးပေးမည်ဟု ကတိပေးကြောင်း ဥယျာဉ်ခြံရှင်များနဲ့ ဒေသခံများက ပြောပါတယ်။

၄-၂-၂၀၁၁ ရက်နေ့ နေ့လယ် ၂း၀၀ နာရီတွင် ပိုက်လိုင်းနှင့်ပတ်သက်သော တောင်သူများကို ခေါ်ယူတွေ့ဆုံပြီး ပိုက်လိုင်းနှစ်လိုင်းကြားရှိ လူနေအိမ်၊ သီးပင်စားပင်များကိုရေတွက်ပြီး ပိုက်လိုင်း သတ်မှတ်ဧရိယာအတွင်းရှိ ယခင်လျော်ကြေးနှုန်းထားအတိုင်း တစ်ပြေးညီပေးလျော်သွားမည်ဟု ဇောတိက PTTEP ကုမ္ပဏီမှ ကိုယ်စားလှယ်များဖြစ်တဲ့ မြေယာရရှိရေးအဖွဲ့ဥက္ကဋ္ဌနှင့် သီးနှံလျော်ကြေးပေးဆောင်ရေး အဖွဲ့မှ ကတိပြုပြောကြားခဲ့သည်ဟု ဥယျာဉ်ခြံပိုင်ရှင်များက ပြောပါတယ်။

ထိုပိုက်လိုင်းကြားလျော်ကြေးပေးရန်ကိစ္စကို တနင်္သာရီတိုင်းဒေသကြီး လွှတ်တော်တွင်လည်း မေးမြန်းခဲ့ပြီး မြေသိမ်းခြင်း၊ လျော်ကြေးပေးဆောင်ခြင်းစတဲ့လုပ်ငန်းများကို လုပ်ဆောင်သွားမည် ဖြစ်ကြောင်း မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း (MOGE) မှ ၄-၁၂-၂၀၁၂ ရက်စွဲဖြင့် ပြန်လည်ဖြေကြားပြုလုပ်ပြီးနောက်ပိုင်း ၂၀၁၃ ခုနှစ် ကုမ္ပဏီမှ မြေယာသိမ်းဆည်းရာတွင်လည်း မြေသိမ်းဥပဒေအရ မြေယာမသိမ်းဆည်းမီ အများပြည်သူများအားအသိပေးခြင်း၊ ကန့်ကွက်နိုင်ရန် ကြေညာခြင်း စသည့် မြေသိမ်းပုံစံဖြင့် စနစ်တကျ သိမ်းဆည်းထားခြင်းမဟုတ်ဘူးလို့ တောင်သူများက ပြောပါတယ်။

ပိုက်လိုင်းဖြတ်သွားရာ ပိုက်လိုင်းကြားဒေသ နစ်နာဆုံးရှုံးမှုအတွက် အချို့ဒေသများတွင် လျော်ကြေးပေးမှု လက်ခံမှုများရရှိခဲ့သော်လည်း ယခုလက်ရှိ လျော်ကြေးပေးရန်ကျန်သော တောင်သူများ သည် မြေတိုင်းတာဧရိယာ ဧကပေါ်မှာ တိုင်းတာတွက်ချက်ခြင်းကြောင့် ရှိနေသော သီးပင်စားပင် များ၏ သီးနှံထွက်ရှိမှုတန်ဖိုးနှင့်သော်လည်းကောင်း၊ ဥယျာဉ်ခြံ၏ဒေသတန်ဖိုးနှင့် သော်လည်းကောင်း နှိုင်းယှဉ်မယ်ဆိုရင် အလွန်တရာမှ ဆုံးရှုံးနစ်နာလျက်ရှိပါတယ်။ ထိုသီးပင်စားပင်များကို ဥယျာဉ်ခြံ

တောင်သူများမှာ ရေရှည်မှီခိုစားသောက်ရမယ့်အစား သဘာဝဓာတ်ငွေ့ပိုက်လိုင်းသည်လည်း နှစ်ရှည်သွယ်တန်းထားမှာဖြစ်တာကြောင့် အပင်အရေအတွက်လိုက် လျော်ကြေးပေးမှသာ သင့်တော်မှန်ကန်မည် ဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ယခင် သဘာဝပိုက်လိုင်းဖြတ်သွားရာ ရတနာ (TOTAL)ကုမ္ပဏီနှင့် ရဲတံခွန် (PETRONAS)ကုမ္ပဏီတို့ဟာ ထိုဒေသကို ပိုက်လိုင်းဖြတ်သွားစဉ် ဒေသခံပြည်သူများနဲ့ ကြေလည်အောင် ညှိနှိုင်းဆောင်ရွက်ပြီး ဒေသနေတိုင်းရင်းသားများ နစ်နာမှုမရှိအောင် ဆောင်ရွက်သွားကြတာကို တွေ့ရပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီမေးခွန်းဟာ ဒေသတစ်ခုအတွက် မေးမြန်းသည်ဆိုသော်လည်း တစ်နိုင်ငံလုံးနှင့် သက်ဆိုင်တဲ့ မေးခွန်းဖြစ်ပါတယ်။ နိုင်ငံတော်စီမံကိန်းများဟာ ပြည်ထောင်စုအကျိုးစီးပွားဟုဆိုသော်လည်း နိုင်ငံ၏မူဝါဒနှင့် လုပ်ငန်းဆောင်ရွက်ချက်များအရ ဒေသနေတိုင်းရင်းသားများ၏အကျိုးစီးပွားကို ထိခိုက်မှုမရှိစေဘဲဆောင်ရွက်မှသာ ဖက်ဒရယ်ဒီမိုကရေစီ နိုင်ငံကို ရေးရှူအကောင်အထည်ဖော်တဲ့ နေရာတွင် သင့်တော်မှန်ကန်မည် ဖြစ်ပါသောကြောင့် တနင်္သာရီတိုင်းဒေသကြီး၊ ရေဖြူမြို့နယ်၊ ဖောင်းတောကျေးရွာအုပ်စုအတွင်း ဇောတိက(PTTEP) ကုမ္ပဏီမှ ပိုက်လိုင်းသွယ်တန်းပြီး ပိုက်လိုင်းနှစ်ခုကြား ကျန်ရှိသော သီးပင်စားပင်များအား အရင်ပေးခဲ့သော ကုမ္ပဏီများကဲ့သို့ (၃)နှစ်စာ လျော်ကြေးပေးနိုင်ခြင်းရှိ/မရှိကို ဒေသခံပြည်သူများကိုယ်စား အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံး ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၃၉။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများနဲ့ ပတ်သက်ပြီး လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၃၉။**

**ဒေါက်တာထွန်းနိုင် (ဒုတိယဝန်ကြီး၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးအေးမင်းဟန် မေးမြန်းသည့် မြန်မာတစ်နိုင်ငံလုံးရှိ ပုဂ္ဂလိက စက်သုံးဆီဆိုင်အများစုတွင် ရောင်းချနေသော စက်သုံးဆီများသည် အရည်အသွေး ပြည့်မီမှုမရှိကြောင်း ပြည်သူလူထုထံမှ ကြားသိနေရသဖြင့် စက်သုံးဆီ အရောင်းဆိုင်များကို စစ်ဆေးအရေးယူပေးရန် အစီအစဉ် ရှိ/မရှိ ဆိုသည့် မေးခွန်းအား ကျွန်တော် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင် က ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

ပြည်သူလူထုအနေဖြင့် နိုင်ငံတစ်ဝန်းတွင် စက်သုံးဆီများကို လွယ်လင့်တကူ အဆင်ပြေချောမွေ့စွာဝယ်ယူ သုံးစွဲနိုင်ရန်အတွက် သတ်မှတ်ချက်များနှင့် ကိုက်ညီသော စက်သုံးဆီ အရောင်းဆိုင်များကို တည်ဆောက်ဖွင့်လှစ်ခွင့်ပြုလျက်ရှိရာ ၅-၄-၂၀၁၇ ရက်နေ့အထိ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၏ စက်သုံးဆီဖြန့်ဖြူးရောင်းချခွင့် လိုင်စင်ရယူ၍ ဖွင့်လှစ် ရောင်းချလျက်ရှိသော

စက်သုံးဆီအရောင်းဆိုင်ပေါင်း (၂၀၉၄) ဆိုင်ရှိပါတယ်။ ပုဂ္ဂလိက ရေနံထွက် ပစ္စည်းများ တင်သွင်း၊ သိုလှောင်၊ သယ်ယူ၊ ချက်လုပ်၊ ဖြန့်ဖြူးရောင်းချရာတွင် စနစ်တကျထိန်းသိမ်း ကြီးကြပ်နိုင်ရန်အတွက် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ ရေနံထွက်ပစ္စည်းများ တင်သွင်း၊ သိုလှောင်၊ သယ်ယူ၊ ချက်လုပ်၊ ဖြန့်ဖြူးရောင်းချခြင်း လုပ်ငန်းများ ထိန်းသိမ်းကြီးကြပ်ရေးကော်မတီနှင့် ပြည်နယ်နှင့် တိုင်းဒေသကြီး များအလိုက် ရေနံထွက်ပစ္စည်းများ တင်သွင်း၊ သယ်ယူ၊ ချက်လုပ်၊ ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းများ ထိန်းသိမ်းကြီးကြပ်ရေး ဆပ်ကော်မတီများကို ဖွဲ့စည်း၍ စနစ်တကျထိန်းသိမ်း ကြီးကြပ်ဆောင်ရွက် လျက်ရှိပါတယ်။

ပုဂ္ဂလိကလုပ်ငန်းရှင်အဖွဲ့အစည်းများက ၎င်းတို့၏ အစီအစဉ်ဖြင့် ပြည်ပမှ တင်သွင်းလာသော စက်သုံးဆီတင်သင်္ဘောများ မြန်မာနိုင်ငံသို့ရောက်ရှိလာပါက စက်သုံးဆီနမူနာများကို ဦးစွာရယူ၍ အမှတ်(၁)ရေနံချက်စက်ရုံ(သန်လျင်) မှာရှိသော ဓာတ်ခွဲခန်းသို့ ပေးပို့စမ်းသပ်စစ်ဆေးပြီး အရည်အသွေးသတ်မှတ်ချက် စံချိန်စံညွှန်းနှင့် ကိုက်ညီမှန်ကန်မှုရှိမှသာ ၎င်းစက်သုံးဆီများကို သင်္ဘောပေါ်မှ ကုန်းပေါ်သို့ချ၍ လက်ခံဖြန့်ဖြူးရောင်းချခွင့်ကို ခွင့်ပြုပေးတာဖြစ်ပါတယ်။ စက်သုံးဆီ အရောင်းဆိုင်များမှ ဖြန့်ဖြူးရောင်းချလျက်ရှိသည့် စက်သုံးဆီများ၏ အခြင်အတွယ်၊ အရည်အသွေး မှန်ကန်မှု ရှိ/မရှိကို Mobile Fuel Lab ယာဉ်များအသုံးပြု၍ ပုံမှန်စစ်ဆေးခြင်း၊ အခါအားလျော်စွာ ရှောင်တခင် ဝင်ရောက်စစ်ဆေးခြင်း၊ တိုင်စာ၊ ပစ်စာများအရ ဝင်ရောက်စစ်ဆေးခြင်းတို့ကို ဆောင်ရွက် ပေးလျက်ရှိပါတယ်။ စက်သုံးဆီအရည်အသွေးနှင့် အခြင်အတွယ် သတ်မှတ်စံချိန်စံညွှန်း ကိုက်ညီမှု မရှိကြောင်း စစ်ဆေးတွေ့ရှိခဲ့သည့် စက်သုံးဆီအရောင်းဆိုင်များအား အရေးယူဆောင်ရွက်ခဲ့တာ ဖြစ်ပါတယ်။

၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်တွင် (၁၇)ဆိုင်၊ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် (၃၂)ဆိုင်၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် (၁၀)ဆိုင်နှင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် (၇)ဆိုင် စသည်ဖြင့် စုစုပေါင်းအရောင်းဆိုင် (၆၆)ဆိုင်တို့အား စာဖြင့်သတိပေးခြင်း၊ ဖြန့်ဖြူးရောင်းချခွင့် လိုင်စင် ယာယီပိတ်သိမ်းခြင်းများကို အရေးယူဆောင်ရွက်ခဲ့ပါတယ်။ တစ်ပြည်လုံးရှိ ပုဂ္ဂလိကစက်သုံး ဆီအရောင်းဆိုင်များ၊ သိုလှောင်စခန်းများမှ ဖြန့်ဖြူးနေသော စက်သုံးဆီများကိုသာမက ကုန်းလမ်း၊ ရေလမ်းမှ စက်သုံးဆီသယ်ယူပို့ဆောင်မှုများကိုပါ အရည်အသွေးစမ်းသပ်စစ်ဆေးခြင်းကို တိုးမြှင့် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ သတ်မှတ်အရည်အသွေး၊ စံချိန်စံညွှန်း ကိုက်ညီမှန်ကန်မှု မရှိကြောင်း စစ်ဆေးတွေ့ရှိရပါက စက်သုံးဆီဖြန့်ဖြူးရောင်းချခွင့်လိုင်စင်ကို ယာယီ သို့မဟုတ် အမြဲတမ်း ပိတ်သိမ်းခြင်းအပြင် တင်သွင်းခွင့်ကိုပါ အကျိုးသက်ရောက်စေမည့် အရေးယူဆောင်ရွက်မှုများ ပြုလုပ်မည်ဖြစ်ကြောင်း၊ စက်သုံးဆီတင်သွင်း ဖြန့်ဖြူးရောင်းချသူများနှင့် ပြည်သူလူထု ကျယ်ကျယ် ပြန့်ပြန့် သိရှိနိုင်ရေးအတွက် သတင်းမီဒီယာများမှတစ်ဆင့် အခါအားလျော်စွာ ထုတ်ပြန်ကြေညာပြီး ဆောင်ရွက်လျက်ရှိပါတယ်။

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် စက်သုံးဆီအရည်အသွေးစမ်းသပ်စစ်ဆေးမှုများ ကို အရှိန်အဟုန် တိုးမြှင့်ဆောင်ရွက်နိုင်ရေးအတွက် ၂၀၁၇ ခုနှစ်အတွင်း ပုဂ္ဂလိကနှင့် အကျိုးတူ

ပူးပေါင်းကာ နိုင်ငံတကာအဆင့်မီ ဓာတ်ခွဲခန်းတစ်ခုကိုလည်း အမြန်ဆုံးတည်ထောင်နိုင်ရေး စီမံဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

ဆက်လက်၍ ဒုတိယမေးခွန်းဖြစ်သော မကွေးတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးခင်ဝင်း မေးမြန်းသည့် မကွေးတိုင်းဒေသကြီး၊ ချောက်မြို့တွင် တည်ဆောက်ထားသော 132/66 KV, 40 MVA ဓာတ်အားခွဲရုံ၊ ချောက်မြို့မှ စလေကို ဖြတ်သန်းသွားသော ချောက် - ရေနံချောင်း မြို့ချင်းဆက် လမ်းအတိုင်း 66KV Line သွယ်တန်းပေးရန် အစီအစဉ်ရှိ/မရှိ ဆိုသည့် မေးခွန်းနှင့် ပတ်သက်၍ ဆက်လက်ဖြေကြားသွားမှာ ဖြစ်ပါတယ်။

မကွေးတိုင်းဒေသကြီး၊ ချောက်မြို့နယ်တွင် မြို့ပေါ်ရပ်ကွက် (၁၅)ရပ်ကွက်နှင့် ကျေးရွာပေါင်း (၂၃၀)ရွာ ရှိသည့်အနက် နိုင်ငံတော်ဓာတ်အားစနစ်ဖြင့် မြို့ပေါ်ရပ်ကွက်အားလုံးနှင့် ကျေးရွာပေါင်း (၆၁)ရွာအား ဓာတ်အားဖြန့်ဖြူးပေးထားပြီး ကျေးရွာ (၂၅) ရွာအား အခြားနည်းလမ်းဖြင့် ဓာတ်အားပေးလျက်ရှိပါတယ်။ ဝန်ကြီးဌာနက ချောက်မြို့နယ်အတွင်း ဓာတ်အားစနစ်မှ လျှပ်စစ်မီးလင်းနိုင်ရန်ကျန်ရှိသော ကျေးရွာများအား လျှပ်စစ်ဓာတ်အား တိုးတက်ဖြန့်ဖြူးနိုင်ရေးအတွက် ကွင်းဆင်းလေ့လာ စစ်ဆေးခဲ့ပါတယ်။ ချောက်မြို့နယ်ရှိ စလေမြို့၊ ကျိတ်စု (မြောက်) ကျေးရွာအနီးတွင် 66 KV ဓာတ်အားခွဲရုံတစ်ရုံနှင့် ငွေးချိုကျေးရွာအနီးတွင် 66 KV ဓာတ်အားခွဲရုံတစ်ရုံတို့ကို ထပ်မံတည်ဆောက်ရမည်ဖြစ်ကြောင်း စစ်ဆေးတွေ့ရှိရပါတယ်။

ထို့ကြောင့် ဝန်ကြီးဌာနဟာ ချောက်မြို့နယ်အတွင်းရှိ မီးလင်းရန်ကျန်ရှိသော ကျေးရွာများအား လျှပ်စစ်ဓာတ်အားဖြန့်ဖြူးနိုင်ရန်အတွက် ငွေးချိုကျေးရွာအနီးတွင် 66 KV ဓာတ်အားခွဲရုံတည်ဆောက်နိုင်ရန် ရည်ရွယ်၍ JICA ချေးငွေ ဆင်းရဲမှုလျှော့ချရေးဆိုင်ရာ ဒေသတွင်းဖွံ့ဖြိုးမှုစီမံကိန်းအဆင့် (၂)တွင် အကောင်အထည်ဖော်ဆောင်ရွက်သွားမည့် လုပ်ငန်းများအနက် ငွေးချိုကျေးရွာအနီး 66 KV ဓာတ်အားလိုင်း ၅ မိုင်တည်ဆောက်ကာ 66/11 KV, 10MVA ဓာတ်အားခွဲရုံတစ်ရုံ၊ တည်ဆောက်ခြင်းလုပ်ငန်းဆောင်ရွက်ရန် လိုအပ်သောရန်ပုံငွေ ကျပ်သန်း (၂၃၀၄.၃၄)အား ထည့်သွင်းလျာထားပြီး ဖြစ်ပါတယ်။ အဆိုပါ ဓာတ်အားခွဲရုံတည်ဆောက်ပြီးစီးပါက လက်ရှိ 11 KV ငွေးချို-ငွေးပင် ဓာတ်အားလိုင်းဖြင့် လိုင်းမိုင်ရှည်လျားစွာ ဓာတ်အားဖြန့်ဖြူးပေးထားသော ကျေးရွာပေါင်း (၂၅) ရွာအပါအဝင် နောက်ထပ်ကျေးရွာပေါင်း (၆၆)ရွာအား လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးသွားမှာ ဖြစ်ပါတယ်။ အဆိုပါ JICA ချေးငွေဖြင့် ဆောင်ရွက်သွားမည့်လုပ်ငန်းများအား အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ၂၀၁၇ ခုနှစ်မှစတင်၍ စီစဉ်ဆောင်ရွက်လျက်ရှိပြီး ယခုအခါ အဆိုပါချေးငွေ၏ လုပ်ငန်းအစီအစဉ်များအရ အတိုင်ပင်ခံအင်ဂျင်နီယာ Consultant ငှားယူရေး ဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။

ထို့အတူ ဝန်ကြီးဌာန၏ ၂၀၁၇-၂၀၁၈ မှ ၂၀၁၁-၂၀၂၂ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်သွားမည့် (၅)နှစ် စီမံချက်တွင် ချောက်မြို့နယ်ရှိ၊ စလေမြို့၊ ကျိတ်စု (မြောက်) ကျေးရွာအနီး၌ 66 KV လိုင်းအား အဝင်အထွက်တည်ဆောက်ကာ ဓာတ်အားလိုင်းမိုင်အရှည် (၆)မိုင် နှင့် 66/11 KV , 5MVA ဓာတ်အားခွဲရုံတစ်ရုံ တည်ဆောက်ခြင်း၊ ၁၃၂ ကေဗွီ ချောက်ပင်မဓာတ်အားခွဲရုံမှ ဓာတ်အား

ချိတ်ဆက်ယူကာ ချောက်-ရေနံချောင်း မြို့ချင်းဆက်လမ်းအတိုင်း 66 KV ဓာတ်အားလိုင်း တည်ဆောက်၍ ရေနံချောင်းမြို့တွင် 66/33 KV, 15MVAဓာတ်အားခွဲရုံ တည်ဆောက်ခြင်း လုပ်ငန်း 33 KV ဓာတ်အားလိုင်း (၃)မိုင်တည်ဆောက်ခြင်း လုပ်ငန်းများအား ထည့်သွင်းရေးဆွဲထားပြီးဖြစ်ပါတယ်။ အဆိုပါ စီမံချက်အရ ၂၀၂၁-၂၀၂၂ ဘဏ္ဍာရေးနှစ်တွင် အကောင်အထည်ဖော် ဆောင်ရွက်ရန်စီစဉ်ထားရှိပြီး ဘဏ္ဍာငွေလုံလောက်စွာ ရရှိပါက ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း နှင့် အဆိုပါ 66 KV ဓာတ်အားခွဲရုံစီမံကိန်းများ ဆောင်ရွက်ပြီးစီးပါက ချောက်မြို့နယ်အတွင်းရှိ မီးလင်းရန်ကျန်ရှိနေသော ကျေးရွာများအား ဓာတ်အားစနစ်မှ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးသွားမည် ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

ဆက်လက်၍ တတိယမေးခွန်းဖြစ်သည့် ကရင်ပြည်နယ်၊ မဲဆန္ဒနယ်အမှတ်(၅)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းသန်းနိုင် မေးမြန်းသည့် ကရင်ပြည်နယ်၊ ဖာပွန်ခရိုင်၊ ဖာပွန်မြို့တွင် မဟာဓာတ်အားလိုင်းမှတစ်ဆင့် လျှပ်စစ်ဓာတ်အားသုံးစွဲခွင့်ရရှိရေးအတွက် နိုင်ငံတော်က မည်သို့စီမံဆောင်ရွက်ထားသည်ကို သိရှိလိုသည့်မေးခွန်းနှင့်ပတ်သက်၍ ဆက်လက် ရှင်းလင်းဖြေကြား သွားမှာဖြစ်ပါတယ်။

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနက သထုံမှ ကမမောင်းနှင့် ကတိုင်တိမြို့များသို့ လျှပ်စစ် ဓာတ်အားဖြန့်ဖြူးပေးသွားရန် စူးစမ်းတိုင်းတာ လေ့လာထားခဲ့ပါတယ်။ မြေပုံနှင့်တကွ ရှင်းလင်း တင်ပြခွင့်ပြုပေးပါခင်ဗျား။ သထုံမှ ကမမောင်းသို့ 66 KV Line ကို တည်ဆောက်ရာမှာ မြေပုံပေါ်မှာ သထုံတည်ရှိရာအရပ်မှ မြောက်ဘက်သို့ ဓာတ်အားလိုင်း တည်ဆောက်ရမှာဖြစ်ပါတယ်။ အစိမ်းရောင် Dotted Line လိုင်းများဖြင့် တင်ပြထားတာ ဖြစ်ပါတယ်။ ၆၆ ကေဗွီလိုင်း သထုံ-ကမမောင်း-ကတိုင်တိ ဓာတ်အားလိုင်းဟာ မိုင်(၆၀)နှင့် 66/11 KV ,5MVA ကမမောင်းခွဲရုံ 66/11 KV , 5MVA ကတိုင်တိ ဓာတ်အားခွဲရုံများကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ရန်ပုံငွေခန့်မှန်းကုန်ကျစရိတ် ကျပ်သန်း ပေါင်း(၁၀၅၁၁.၃၀၀) တင်ပြတောင်းခံသွားမှာဖြစ်ပြီး ရန်ပုံငွေရရှိမှုအပေါ်မူတည်ကာ နှစ်အလိုက် စီမံကိန်းများကို ပြီးစီးအောင်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

ကရင်ပြည်နယ်၊ ဖာပွန်ခရိုင်၊ ဖာပွန်မြို့နယ်တွင် မြို့ပေါ်ရပ်ကွက် လေးခုနှင့်ကျေးရွာပေါင်း (၁၈၀)ရှိသည့်အနက် လတ်တလော ဖာပွန်မြို့နယ်ရှိ မြို့ပေါ်ရပ်ကွက်အားလုံးနှင့် အနောက်ဘက်ကမ်း ကျေးရွာအုပ်စုရှိ၊ အနောက်ဘက်ကမ်းကျေးရွာတို့အား လျှပ်စစ်ဓာတ်အားရရှိနိုင်ရန် ဝန်ကြီးဌာနက ဒီဇယ်ဓာတ်အားပေးစက် (၂) လုံးဖြင့် အလှည့်ကျမောင်းနှင်၍ စုစုပေါင်းမီးသုံးသူဦးရေ (၅၂၉) ဦးအား ညနေ ၆နာရီမှ ည (၁၁)နာရီအထိ တစ်ရက်လျှင် (၅)နာရီဖြင့် ဓာတ်အားဖြန့်ဖြူးပေးလျက်ရှိပါတယ်။ ဝန်ကြီးဌာနက ဖာပွန်မြို့နယ်အား ဓာတ်အားစနစ်မှ လျှပ်စစ်ဓာတ်အား ရရှိသုံးစွဲနိုင်ရန် ၆၆ ကေဗွီ၊ သထုံ-ကမမောင်း-ကတိုင်တိ ဓာတ်အားလိုင်း မိုင်(၆၀)နှင့် 66/11 KV၊ 5MVA ခွဲရုံများ အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးပါက ကတိုင်တိတွင် 66/33 KV, 10MVA ဓာတ်အားခွဲရုံ ထပ်မံတည်ဆောက်ကာ အဆိုပါဓာတ်အားခွဲရုံမှတစ်ဆင့် ဖာပွန်မြို့သို့ 33 KV ဓာတ်အားလိုင်း (၃၄)မိုင် နှင့် 33/11KV, 5MVA ဓာတ်အားခွဲရုံတစ်ရုံတည်ဆောက်ကာ ဓာတ်အားဖြန့်ဖြူးပေး သွားရမှာ ဖြစ်ပါတယ်။

အဆိုပါလုပ်ငန်းများအား ဝန်ကြီးဌာန၏ ၂၀၁၇-၂၀၁၈မှ ၂၀၂၁-၂၀၂၂ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်သွားမည့် (၅)နှစ်စီမံချက်တွင် ထည့်သွင်းရေးဆွဲထားပြီး ဆောင်ရွက်ရန်လိုအပ်သော စုစုပေါင်းရန်ပုံငွေ ကျပ်သန်း (၅၃၈၁.၃၈၂)အား ၂၀၂၀-၂၀၂၁ နှင့် ၂၀၂၁-၂၀၂၂ ဘဏ္ဍာရေးနှစ်များတွင် ခွဲဝေထည့်သွင်းလျာထားတင်ပြတောင်းခံသွားမှာဖြစ်ပြီး ဘဏ္ဍာငွေရရှိမှုအပေါ်မူတည်ကာ အကောင်အထည်ဖော်ဆောင်ရွက်ပေးသွားမှာဖြစ်ကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ မေးခွန်းသုံးခုနဲ့ပတ်သက်ပြီး ပေါင်းစပ်ဖြေကြားရရင် လျှပ်စစ်နဲ့စွမ်းအင်ဝန်ကြီးဌာနဟာ တစ်တိုင်းပြည်လုံးမှာရှိတဲ့ ပြည်သူလူထုအများစု လျှပ်စစ်ဓာတ်အားရရှိရန်အတွက် အတတ်နိုင်ဆုံး၊ အကောင်းမွန်ဆုံး ဖြည့်ဆည်းဆောင်ရွက်ပေးရန် စေတနာ ရှိပါတယ်။ စေတနာမည်မျှပင် ထက်သန်သော်ငြားလည်း ဘဏ္ဍာငွေ ပြည့်စုံလုံလောက်အောင် ရရှိရန် အထူးလိုအပ်ပါကြောင်း တင်ပြအပ်ပါတယ်။

ဆက်လက်၍ စတုတ္ထမေးခွန်းဖြစ်ပါသော တနင်္သာရီတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၄)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဟန်ဝင်းသိန်း မေးမြန်းသည့် ဇော်တိက (PTTEP) ကုမ္ပဏီမှ သဘာဝဓာတ်ငွေ့ ပိုက်လိုင်းသွယ်တန်းပြီး ရဲတံခွန်ပိုက်လိုင်းနှင့် ဇော်တိကပိုက်လိုင်း နှစ်လိုင်းကြား ဥယျာဉ်ခြံတောင်သူများ လုပ်ကိုင်စားသောက်ခွင့် မရတော့သော သီးပင်စားပင်များအား ယခင် ရတနာ (TOTAL) သဘာဝဓာတ်ငွေ့ကုမ္ပဏီ၊ ရဲတံခွန် (PETRONAS) သဘာဝဓာတ်ငွေ့ ကုမ္ပဏီများ ကဲ့သို့ သစ်ပင်တန်ဖိုး၏ သုံးနှစ်စာ နစ်နာကြေး/ လျော်ကြေးအဖြစ် ပေးနိုင်ခြင်း ရှိ/မရှိ သိရှိလိုခြင်း မေးခွန်းအားဆက်လက်ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

ဇော်တိက စီမံကိန်းသည် ထိုင်းနိုင်ငံမှ (PTTEPI) ကုမ္ပဏီနှင့် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းတို့ ရေနံနှင့်သဘာဝဓာတ်ငွေ့ ရှာဖွေတူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်းအား အကျိုးတူပူးပေါင်း၍ ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားခြင်းစာချုပ် ချုပ်ဆိုလုပ်ကိုင်ထားသော စီမံကိန်း ဖြစ်ပါတယ်။ မုတ္တမကမ်းလွန်နှင့် တနင်္သာရီကမ်းလွန်ပင်လယ်ပြင်တွင် ရေနံနှင့်သဘာဝဓာတ်ငွေ့ ထုတ်လုပ်နေသော စီမံကိန်း(၃)ခုရှိပါတယ်။ ရတနာစီမံကိန်းကို ၁၉၉၂ ခုနှစ်တွင် ပြင်သစ်နိုင်ငံ (TOTAL) ကုမ္ပဏီမှလည်းကောင်း၊ ရဲတံခွန်စီမံကိန်းကို ၁၉၉၀ ခုနှစ်တွင် မလေးရှားနိုင်ငံ၊ Petronas ကုမ္ပဏီမှလည်းကောင်း၊ ဇော်တိကစီမံကိန်းကို ၂၀၁၁ ခုနှစ်တွင် ထိုင်းနိုင်ငံ၊ (PTTEPI) ကုမ္ပဏီမှလည်းကောင်း၊ Operator များအဖြစ် ဆောင်ရွက်လျက်ရှိတာဖြစ်ပါတယ်။

အဆိုပါစီမံကိန်းများက ထွက်ရှိလာသော သဘာဝဓာတ်ငွေ့များကို ပိုက်လိုင်းများဖြင့် သွယ်တန်းကာ ထိုင်းနိုင်ငံသို့ တင်ပို့လျက်ရှိပါတယ်။ ရတနာပိုက်လိုင်းကို ၁၉၉၂ခုနှစ်နှင့် ရဲတံခွန်ပိုက်လိုင်းကို ၁၉၉၈ ခုနှစ်တွင် တည်ဆောက်ခဲ့ပါတယ်။ ပိုက်လိုင်းခင်းကျင်းတည်ဆောက်ရန်အတွက် လိုအပ်သောမြေယာများကို အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြေစာရင်းဦးစီးဌာနနှင့် ပေါင်းစပ်ညှိနှိုင်းဆွေးနွေးပြီး မြေယာနှင့်သီးနှံလျော်ကြေးပေးရေးအဖွဲ့များကို စနစ်တကျဖွဲ့စည်းပြီး မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းအနေဖြင့် မြေယာသိမ်းဆည်းခဲ့ကာ သက်ဆိုင်ရာတိုင်းဒေသကြီးအစိုးရအဖွဲ့က သဘောတူလက်ခံသော ဒေသကာလပေါက်ဈေးနှုန်းများအတိုင်း မြေယာနှင့်သီးနှံတန်ဖိုး (၅)နှစ်စာကို ပေးလျော်ခဲ့ပြီး ဖြစ်ပါတယ်။

ထင်ရှားစွာတင်ပြလိုသည့်အချက်မှာ ရတနာပိုက်လိုင်းနှင့် ရဲတံခွန်ပိုက်လိုင်း နှစ်လိုင်းကြား ရှိ သီးနှံပင်များအတွက် သုံးနှစ်စာနစ်နာကြေး၊ လျော်ကြေးအဖြစ် (TOTAL) ကုမ္ပဏီနှင့် Petronas ကုမ္ပဏီတို့က ပေးအပ်ခဲ့ခြင်းမရှိပါ။ ဇောတိကပိုက်လိုင်းသည် ရဲတံခွန်ပိုက်လိုင်းနှင့်အနီးကပ်ဆုံး တည်ရှိပြီး လုပ်ငန်းစတင် လုပ်ဆောင်စဉ်က တောင်သူများက ထိုပိုက်လိုင်းနှစ်လိုင်းကြားမြေယာများ၌ စိုက်ပျိုးထားသော သီးနှံများအတွက် လျော်ကြေးရယူလိုပါကြောင်း တောင်းဆိုမှုများ ပြုလုပ်ခဲ့ကြတာ ဖြစ်ပါတယ်။ ဇောတိကစီမံကိန်းကို ဆောင်ရွက်နေသည့် (PTTEPI) ကုမ္ပဏီနှင့် မြန်မာ့ရေနံနှင့် သဘာဝ ဓာတ်ငွေ့လုပ်ငန်းမှ တာဝန်ရှိသူများက ပိုက်လိုင်းနှစ်လိုင်းကြားရှိမြေကို မြေသိမ်းယူခဲ့ခြင်း မရှိခဲ့ သော်လည်း ဒေသခံပြည်သူများ၏ စားဝတ်နေရေးကို အထောက်အကူပြုစေလိုသော စေတနာဖြင့် စီမံကိန်းများ လျင်မြန်ချောမွေ့စေရေးအတွက် ပိုက်လိုင်းနှစ်လိုင်းကြားရှိ မြေပိုင်ရှင်(၃၉၀)ဦး၏ မြေဧက (၂၁၆.၀၇၆)ဧကကို တစ်ဧကလျှင် ထောက်ပံ့ကြေးကျပ်သိန်း(၅၀)အား ၂၀၁၃-၂၀၁၄ ခုနှစ်တွင် ထောက်ပံ့ပေးအပ်ခဲ့ရာ ယနေ့အထိ တောင်သူ(၃၀၉)ဦးမှ လက်ခံရယူခဲ့ပြီး ဖြစ်ပါတယ်။

ကျန် (၈၁)ဦးတို့က လက်ခံရယူခဲ့ခြင်းမရှိသေးတာ ဖြစ်ပါတယ်။ ထောက်ပံ့ကြေးလက်မခံခဲ့ သော တောင်သူ(၈၁)ဦးအတွက် ထောက်ပံ့ကြေးငွေကို သက်ဆိုင်ရာဒေသအာဏာပိုင်များထံတွင် ဘဏ်အကောင့်နံပါတ် CF- 001808 ဖြင့် မြန်မာ့စီးပွားရေးဘဏ် ထားဝယ်မြို့တွင် အပ်နှံပေးထားခဲ့ပြီး ၎င်းတို့ကထုတ်ယူလိုပါက တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ဆက်သွယ်ဆောင်ရွက်နိုင်ပါတယ်။ ဇောတိကစီမံကိန်းနှင့် ရဲတံခွန်စီမံကိန်း ပိုက်လိုင်းနှစ်လိုင်းကြားရှိ မြေဧရိယာ(၂၁၆.၀၇၆)ဧက အတွင်းရှိ သီးနှံပင်များအား စီမံကိန်းကြောင့် အပင်ခုတ်လှဲခဲ့ခြင်း၊ မြေသိမ်းယူခြင်း တစ်စုံတစ်ရာ မရှိသည့်အပြင် ထောက်ပံ့ကြေးအဖြစ် လဲပေးအပ်ခဲ့ပြီး သီးပင်စားပင်များကိုလည်း လွတ်လပ်စွာ စိုက်ပျိုး လုပ်ကိုင်ခွင့်ရရှိစေပြီး မည်သည့်ကန့်သတ်ချက်မှုမရှိပါကြောင်း တင်ပြအပ်ပါတယ်။

သို့ဖြစ်ပါ၍ ရတနာပိုက်လိုင်းနှင့် ရဲတံခွန်ပိုက်လိုင်းနှစ်လိုင်းကြားရှိ သီးနှံပင်များအတွက် (၃)နှစ်စာနစ်နာကြေးလျော်ကြေးအဖြစ် ပေးအပ်ခဲ့ခြင်းမရှိသကဲ့သို့ ဇောတိကစီမံကိန်းနှင့် ရဲတံခွန် စီမံကိန်း ပိုက်လိုင်းနှစ်လိုင်းကြားရှိ သီးနှံပင်များအတွက် သစ်ပင်တန်ဖိုး၏ (၃)နှစ်စာ နစ်နာကြေး၊ လျော်ကြေး၊ ပေးအပ်ရန်အစီအစဉ်မရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင် ပါတယ်။ (သြဘာသံများ)

**အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီကတာဝန် ပေးအပ်သော ကော်မတီဝင်က ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီးပေးပို့လာသော ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ထိန်းသိမ်းရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ပြန်လည်ဖတ်ကြားရှင်းလင်းခြင်း**

**အချိန်၊ ၁၀း၅၅။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၆)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီးပေးပို့လာသော ရေအရင်းအမြစ်နှင့် မြစ်ချောင်း

များထိန်းသိမ်းရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ကော်မတီက ပြန်လည်ဖတ်ကြား ရှင်းလင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၅၆။**

**ဗိုလ်မှူးချုပ်ခင်မောင်အေး (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတတယ်။ ကျွန်တော်ကတော့ တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ ဥပဒေကြမ်းကော်မတီဝင် ဗိုလ်မှူးချုပ်ခင်မောင်အေး ဖြစ်ပါတယ်။ ကော်မတီရဲ့တာဝန်ပေးချက်အရ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများထိန်းသိမ်းရေးဥပဒေကို ပြင်ဆင်တဲ့ဥပဒေကြမ်းအပေါ် စိစစ်တင်ပြတဲ့ အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းသွားမှာဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏**
**ရေအရင်းအမြစ်နှင့်မြစ်ချောင်းများထိန်းသိမ်းရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းအပေါ်**
**စိစစ်တင်ပြခြင်း အစီရင်ခံစာ**

စာအမှတ်၊ ၁/ အမ (ကော်မတီ-၁) ၁ /၂၀၁၇-၂၀၉
ရက်စွဲ၊ ၂၀၁၇ ခုနှစ် ၊ ဇွန်လ ၁ ရက်

၁။ **ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ထိန်းသိမ်းရေး ဥပဒေကို ပြင်ဆင်သည့် ဥပဒေ**ကြမ်းကို ၁၉-၅-၂၀၁၇ ရက်နေ့ အမျိုးသားလွှတ်တော်အစည်းအဝေးမှာ ဥပဒေကြမ်းကော်မတီရဲ့ အစီရင်ခံစာကို ဖတ်ကြားတင်သွင်းခဲ့ပါသည်။ ဒီဥပဒေကြမ်းနှင့်စပ်လျဉ်းပြီးတော့ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးကျော်မြင့်ဦးနှင့် ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဒေါ်ရွှေရွှေစိန်လတ် တို့က ၂၅-၅-၂၀၁၇ ရက်နေ့တွင် အကြံပြုဆွေးနွေးခဲ့ကြပါတယ်။ ဒီဥပဒေကြမ်းနှင့် စပ်လျဉ်းပြီးတော့ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီဟာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက တာဝန်ရှိပုဂ္ဂိုလ်များ၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်ထောင်စုလွှတ်တော်၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်မှ ပညာရှင်များနှင့် မေလ (၃၁)ရက်နေ့မှာ တွေ့ဆုံညှိနှိုင်းဆွေးနွေးခဲ့ကြပါတယ်။

**လေ့လာတွေ့ရှိချက်**

၂။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီဟာ **ရေအရင်းအမြစ်နှင့် မြစ်ချောင်းများထိန်းသိမ်းရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေ**ကြမ်းကို လေ့လာစိစစ်ရာ အောက်ပါအတိုင်း လေ့လာတွေ့ရှိရပါသည် -

(က) အဓိပ္ပာယ်ပိုမိုပြည့်စုံမှုရှိစေရန်အတွက် ပြည်သူ့လွှတ်တော်က အတည်ပြုတဲ့ ဥပဒေကြမ်း ပုဒ်မ ၄၊ ပုဒ်မခွဲ(င)နှင့် ပုဒ်မ ၅၊ ပုဒ်မခွဲ(ပ) တို့မှာ ဖော်ပြထားတဲ့ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများမှအပ ဆိုတဲ့စကားရပ်ကို စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်း

များမှအပဖြစ်သော အခြားလုပ်ငန်းများအတွက်ဆိုတဲ့ စကားရပ်နဲ့လည်းကောင်း၊ ပုဒ်မ ၅၊ ပုဒ်မခွဲ(ဃ) မှာ ဖော်ပြထားတဲ့ "အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း ဆိုသည့်စကားရပ်ကို အဖွဲ့အစည်းများ၊ ဒေသခံပြည်သူများနှင့် ပူးပေါင်းဆောင်ရွက် ခြင်းဆိုတဲ့စကားရပ်နဲ့လည်းကောင်း၊ ပုဒ်မ ၆၊ ပုဒ်မခွဲ(က) မှာ ဖော်ပြထားသော စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများမှအပ မြစ်ရေအသုံးပြုခြင်း၊ လုပ်ငန်းများ လုပ်ကိုင်ခွင့် ဆိုတဲ့စကားရပ်ကို စိုက်ပျိုးရေးနှင့် မွေးမြူရေး လုပ်ငန်းများမှအပဖြစ်သော အခြားလုပ်ငန်းများအတွက် မြစ်ရေအသုံးပြုခြင်း လုပ်ကိုင်ခွင့် ဆိုတဲ့စကားရပ် နဲ့လည်းကောင်း၊ ပုဒ်မ ၆၊ ပုဒ်မခွဲ(ဆ)တွင် ဖော်ပြထားသော မြစ်ချောင်း ရေလမ်းကြောင်း များထိခိုက်နိုင်ခြင်းရှိ/မရှိ စိစစ်၍ သဘောထားမှတ်ချက်ပေးခြင်း ဆိုတဲ့စကားရပ်ကို မြစ်ချောင်းရေလမ်းကြောင်းများ ထိခိုက်နိုင်ခြင်းရှိ/မရှိစိစစ်၍ သက်ဆိုင်ရာအစိုးရဌာန အဖွဲ့အစည်းများသို့ သဘောထားမှတ်ချက်ပေးခြင်း ဆိုတဲ့ စကားရပ်အသီးသီး ဖြင့်လည်းကောင်း အစားထိုးပြင်ဆင်သင့်ကြောင်း လေ့လာတွေ့ ရှိရပါတယ်။

(ခ) အရေးအသားဆီလျော်ညီညွတ်မှုရှိစေဖို့အတွက် ပြည်သူ့လွှတ်တော်က အတည်ပြု သည့်ဥပဒေကြမ်း ပုဒ်မ ၁၅၊ ပုဒ်မခွဲ(က)တွင် ဖော်ပြထားသော စကားရပ်များအစား ရေလမ်းထိန်းသိမ်းရေးအဆောက်အအုံ၊ လွှန်းလမ်း၊ သင်္ဘောကျင်း၊ ရေစိုသင်္ဘောကျင်း၊ ရေလုံ သင်္ဘောကျင်း တည်ဆောက်ခြင်း၊ ဆိပ်ခံတံတားနှင့် ဖောတံတား၊ ရေဆင်းလမ်း၊ ရေဆင်းတံတားဆောက်လုပ်ခြင်း၊ မြောင်းဖော်၍ သင်္ဘောကမ်းထိုးခြင်း၊ မြောင်းဖော်ခြင်း၊ ယာယီမြစ်ကူး၊ ချောင်းကူးတံတား ဆောက်လုပ်ခြင်းမပြုရ ဆိုသည့်စကားရပ်နဲ့ အစားထိုး ပြင်ဆင်သင့်ကြောင်း လေ့လာတွေ့ရှိရပါတယ်။

**ကော်မတီ၏ သဘောထားမှတ်ချက်**

၃။ သို့ဖြစ်ပါ၍ အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီဟာ **ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ထိန်းသိမ်းရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေ**ကြမ်းကို ဆွေးနွေးသည့် ကိုယ်စားလှယ်များ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်ထောင်စုလွှတ်တော်၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေး ကော်မရှင်မှ ပညာရှင်တို့နှင့် တွေ့ဆုံညှိနှိုင်းဆွေးနွေးပြီးဖြစ်ပါသဖြင့် အမျိုးသားလွှတ်တော်က အတည်ပြုဆောင်ရွက်နိုင်ပါရန် အစီရင်ခံတင်ပြအပ်ပါတယ်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ

အားလုံးကို ကျေးဇူးတင်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီးပေးပို့လာသော ရေအရင်းအမြစ်နှင့် မြစ်ချောင်းများထိန်းသိမ်းရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းအား အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၁း၀၀။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၇) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီးပေးပို့လာသော ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ထိန်းသိမ်းရေး ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား လွှတ်တော်၏ အဆုံးအဖြတ်ကို ရယူ၍ အတည်ပြုဆောင်ရွက်မှာ ဖြစ်ပါတယ်။

ဥပဒေကြမ်းကော်မတီက ပြင်ဆင်ချက်ရှိသော အပိုဒ်များကို တစ်ပိုဒ်ချင်းစီအလိုက် တင်ပြဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၀၀။**

**ဒေါက်တာမြတ်ညွှန့်ဇာစိုး (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)။** ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ပထမဦးဆုံး အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ ဥပဒေကြမ်း ခေါင်းစဉ် ပြင်ဆင်ချက်ကို တင်ပြပါမယ်။

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ခေါင်းစဉ် ပြင်ဆင်ချက်-

**ရေအရင်းအမြစ်နှင့် မြစ်ချောင်းများထိန်းသိမ်းရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေ**

(၂၀၁၇ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ်၊ )
၁၃၇၉ ခုနှစ်၊ လ ရက်
(၂၀၁၇ ခုနှစ်၊ လ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤ ဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

ဒီ ပြင်ဆင်ချက်ကို လွှတ်တော်က အတည်ပြုပေးနိုင်ဖို့ လေးစားစွာ တင်ပြအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ဥပဒေကြမ်း ခေါင်းစဉ်၏ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် ဥပဒေကြမ်း ခေါင်းစဉ်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ)

**ဒေါက်တာမြတ်ဉာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဆက်လက်ပြီးတော့ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်များဖြစ်တဲ့ ပြင်ဆင်ချက် အပိုဒ် ၄၊ အပိုဒ်ခွဲ(ခ)၊ အပိုဒ် ၅၊ အပိုဒ်ခွဲ(က)(ဃ)တို့ကို တင်ပြမှာ ဖြစ်ပါတယ်။

၄။ (ခ) ပုဒ်မခွဲ(င)ကို အောက်ပါအတိုင်း အစားထိုးရမည် -

(င) ရေကြောင်းပြခ၊ ရေကြောင်းအသုံးပြုခ၊ ဆိပ်ကမ်းကပ်ခ၊ ကျောက်ချရပ်နားခ၊ ကမ်းနားနယ်အသုံးပြုခ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများမှအပဖြစ်သော အခြားလုပ်ငန်းများအတွက် မြစ်ချောင်းရေ အသုံးပြုခ၊ မြစ်ချောင်းများ ထိန်းသိမ်းရေးဆိုင်ရာ ဝန်ဆောင်ခများ သတ်မှတ်ခြင်း။

၅။ (က) ပုဒ်မခွဲ(ဃ)ကို အောက်ပါအတိုင်းအစားထိုးရမည်-

(ဃ) မြို့များအလိုက် စိုးရိမ်ရေအမှတ်များ သတ်မှတ်ရာတွင် မှန်ကန်မှုရှိစေရန် အတွက် သက်ဆိုင်ရာအစိုးရ၊ ဌာန၊ အဖွဲ့အစည်းများ၊ ဒေသခံပြည်သူများ နှင့် ပူးပေါင်းဆောင်ရွက်ခြင်း။

(ဃ) ပုဒ်မခွဲ(ဎ)ကို အောက်ပါအတိုင်း အစားထိုးရမည်-

(ဎ) ရေကြောင်းပြခ၊ ရေကြောင်းအသုံးပြုခ၊ ဆိပ်ကမ်းကပ်ခ၊ ကျောက်ချရပ်နားခ၊ ကမ်းနားနယ်အသုံးပြုခ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများမှအပဖြစ်သော အခြားလုပ်ငန်းများအတွက် မြစ်ချောင်းရေ အသုံးပြုခ၊ မြစ်ချောင်းများ ထိန်းသိမ်းရေးဆိုင်ရာဝန်ဆောင်ခများ ကောက်ခံခြင်း။

ဒီပြင်ဆင်ချက်များကို လွှတ်တော်က အတည်ပြု ဆောင်ရွက်ပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၄ (ခ)၊ အပိုဒ် ၅ (က)(ဃ)ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၄ (ခ)၊ အပိုဒ် ၅ (က)(ဃ)သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။

**ဒေါက်တာမြတ်ဉာဏစိုး (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်ပြီးတော့ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်များဖြစ်တဲ့ အပိုဒ် ၆ အပိုဒ်ခွဲ(က)နဲ့ (ဂ)တို့ကို တင်ပြပါမယ်။

၆။ (က) ပုဒ်မခွဲ(က)ကို အောက်ပါအတိုင်း အစားထိုးရမည်-

(က) ကမ်းထိန်း အဆောက်အအုံများ ဆောက်လုပ်ခြင်း၊ မြစ်ချောင်းနယ်၊ ကမ်းပါးနယ်နှင့်ကမ်းနားနယ်တို့တွင် ရေလမ်းထိန်းအဆောက်အအုံ၊ လွန်းကျင်း၊ လွန်းလမ်း၊ သင်္ဘောကျင်း၊ ရေစိုသင်္ဘောကျင်း၊ ရေလုံသင်္ဘောကျင်း တည်ဆောက်ခြင်း၊ ဆိပ်ခံတံတား၊ ရေဆင်းလမ်း၊ ရေဆင်းတံတား ဆောက်လုပ်ခြင်း၊ မြောင်းဖော်၍ သင်္ဘောကမ်းထိုးခြင်း၊ မြောင်းဖော်ခြင်း။ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများမှအပဖြစ်သော အခြားလုပ်ငန်းများအတွက် မြစ်ရေအသုံးပြုခြင်း၊ လုပ်ကိုင်မှုလျှောက်ထားခြင်းအပေါ် စိစစ်၍ ခွင့်ပြုချက်ထုတ်ပေးခြင်း။

(ဂ) ပုဒ်မခွဲ(ဆ)ကို အောက်ပါအတိုင်း အစားထိုးရမည်-

(ဆ) မြစ်ချောင်းနယ်၊ ကမ်းပါးနယ်နှင့် ကမ်းနားနယ်တို့တွင် စီးပွားရေးအလို့ငှာ သဲစုပ်ခြင်း၊ သဲတူးခြင်း၊ သဲကျုံးခြင်း၊ မြစ်ကျောက်ထုတ်ခြင်းများ လုပ်ကိုင်ခွင့်ပြုရန် လျှောက်ထားချက်အပေါ် မြစ်ချောင်းရေလမ်းကြောင်းများ ထိခိုက်နိုင်ခြင်း ရှိ/မရှိ စိစစ်၍ သက်ဆိုင်ရာအစိုးရဌာနအဖွဲ့အစည်းသို့ သဘောထားမှတ်ချက်ပေးခြင်း။

ဒီ ပြင်ဆင်ချက်များကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၆ (က)(ဂ) ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၆ (က)(ဂ)သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။

**ဒေါက်တာမြတ်ဉာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)။** ။ လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်ပြီးတော့ ပြည်သူ့လွှတ်တော်က အတည်ပြုထားတဲ့ ဥပဒေကြမ်းရဲ့ အပိုဒ်(၈)ကို တင်ပြပါမယ်။ ဒီဟာကတော့ ဥပဒေကြမ်းရဲ့ ပုဒ်မ ၁၅၊ ပုဒ်မခွဲ(က) ပြင်ဆင်ချက် ဖြစ်ပါတယ်။

၈။ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ထိန်းသိမ်းရေး ဥပဒေ ပုဒ်မ ၁၅ ကို အောက်ပါ အတိုင်း အစားထိုးရမည်-

၁၅။ မည်သူမျှ မြစ်ချောင်းနယ်၊ ကမ်းပါးနယ်နှင့် ကမ်းနားနယ်တို့တွင် ဦးစီးဌာန၏ခွင့်ပြုချက် မရှိဘဲ

(က) ရေလမ်းထိန်းအဆောက်အအုံ၊ လွန်းလမ်း၊ သင်္ဘောကျင်း၊ ရေစိုသင်္ဘောကျင်း၊ ရေလုံသင်္ဘောကျင်း တည်ဆောက်ခြင်း၊ ဆိပ်ခံတံတားနှင့် ဘောတံတား၊ ရေဆင်းလမ်း၊ရေဆင်းတံတားဆောက်လုပ်ခြင်း၊မြောင်းဖော်၍သင်္ဘောကမ်းထိုးခြင်း၊ မြောင်းဖော်ခြင်း၊ ယာယီမြစ်ကူး၊ ချောင်းကူးတံတား ဆောက်လုပ်ခြင်း မပြုရ။

ဒီ ပြင်ဆင်ချက်ကို အတည်ပြုပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ပြည်သူ့လွှတ်တော်က အတည်ပြုထားသည့် ဥပဒေကြမ်း၏ အပိုဒ် ၈ တွင် ဖော်ပြပါရှိသည့် ပုဒ်မ ၁၅၊ ပုဒ်မခွဲ(က) ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် ပြည်သူ့လွှတ်တော်က အတည်ပြုထားသည့် ဥပဒေကြမ်း၏ အပိုဒ် ၈ တွင် ဖော်ပြပါရှိသည့် ပုဒ်မ ၁၅၊ ပုဒ်မခွဲ(က)သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။

**ဒေါက်တာမြတ်ဉာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)။** ။ လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်ပြီးတော့ ပြည်သူ့လွှတ်တော်က အတည်ပြုထားတဲ့အတိုင်းပဲ

ဆက်လက် အတည်ပြုသင့်တဲ့ အပိုဒ်၊ အပိုဒ်ခွဲများကို တင်ပြမှာ ဖြစ်ပါတယ်။ အပိုဒ် ၁၊ အပိုဒ် ၂ ရဲ့ ခြေဆင်း၊ အပိုဒ် ၂ အပိုဒ်ခွဲ(က)မှ(ဆ)အထိ၊ အပိုဒ် ၃၊ အပိုဒ် ၄ ခြေဆင်း၊ အပိုဒ် ၄ အပိုဒ်ခွဲ(က)၊ အပိုဒ် ၅ ခြေဆင်း၊ အပိုဒ် ၅၊ အပိုဒ်ခွဲ (ခ)(ဂ)၊ အပိုဒ် ၆ ခြေဆင်း၊ အပိုဒ် ၆၊ အပိုဒ်ခွဲ (ခ)(ဃ)(င)(စ)(ဆ)၊ အပိုဒ် ၇၊ အပိုဒ် ၈ ခြေဆင်း၊ အပိုဒ် ၈၊ အပိုဒ်ခွဲ(ခ)၊ အပိုဒ် ၉ ခြေဆင်း၊ အပိုဒ် ၉ အပိုဒ်ခွဲ(က)(ခ)၊ အပိုဒ် ၁၀၊ အပိုဒ် ၁၁၊ အပိုဒ် ၁၂၊ အပိုဒ် ၁၃ နှင့် အဆိုပြုချက်မှာ ပါရှိတဲ့ အပိုဒ် ၂၊ အပိုဒ်ခွဲ(ဃ)၊ အပိုဒ် ၈၊ အပိုဒ်ခွဲ(ဂ)တို့ကို ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အတိုင်း အမျိုးသားလွှတ်တော်က ဆက်လက် အတည်ပြု ဆောင်ရွက်သင့်ပါကြောင်း လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒီ တင်ပြချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီ၏ တင်ပြချက်အတိုင်း အတည်ဖြစ်သည်။

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဥ္စမပုံမှန် အစည်းအဝေး နဝမနေ့ရပ်နားကြောင်းနှင့် ဒသမနေ့အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**အချိန်၊ ၁၁း၀၈။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် (၈)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ယခု ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေး နဝမနေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေးဒသမနေ့ကို ၂၀၁၇ ခုနှစ်၊ ဇွန်လ ၇ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေး နဝမနေ့ကို ၁၁း၀၈ နာရီ အချိန်တွင် ရပ်နားပါသည်။]